# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 1 September 2023 ၁၁၂၀၅


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကိုအပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိအား မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့ သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏၊ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


**လတ်တလော ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းကို လေ့လာကြည့်သော်. . .**
ဆောင်းပါး စာမျက်နှာ » ၆

**ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများကျင်းပ**
စာမျက်နှာ » ၁၀

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးကုမ္ပဏီများ သိရှိလိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ချက်ထုတ်ပြန်**
စာမျက်နှာ » ၁၁

# ကြေးမုံ

## တိုင်းပြည်ကောင်းစေလိုသည့်စေတနာရှေးရှု

မိမိတိုင်းပြည်ကို မိမိအခြေမြှင့်မှ မိမိတို့ဘဝလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ မိမိတို့တိုင်းပြည် လုံခြုံစိတ်ချတိုးတက်ကြီးပွားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါမှ တိုင်းပြည်သည် တစ်နေ့ထက်တစ်နေ့ အခြေတိုးမြင့်၍ မိမိတို့အားလုံးလည်း အေးချမ်းသာယာဝပြောစွာဖြင့် ရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် တိုင်းပြည်ကောင်းမွန်စေရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်။

တိုင်းပြည်တစ်ပြည် တိုးတက်ကောင်းမွန်လာစေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြသလို တိုင်းပြည်တိုးတက်ရေးကို အဟန့်အတားဖြစ်စေမည့်အနှောင့်အယှက်များကိုလည်း အမြင်ကျယ်ကျယ်သတိထား၍ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ရာတွင် "ပြည်ထဲအရေး ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်"ဆိုသည့် ရှေးဆိုစကားကဲ့သို့ ကျယ်ဝန်းနက်နဲသိမ်မွေ့သော အရေးကိစ္စများကိုလည်း မြင်တတ်အောင်ကြည့်၍ ရှင်းတတ်အောင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ကောင်းမွန်သည့်နိုင်ငံ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရာ၌ "ဌာနအလိုက်တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအားလုံးကို ကျွမ်းကျင်နားလည်စေရန်နှင့် တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတနာထားပြီး စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဌာနအပေါ် စေတနာထားရန်နှင့် မိမိနိုင်ငံအပေါ် စေတနာထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသည် နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း" ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တိုးတက်ပြောင်းလဲနေသော ခေတ်ကာလတွင် နိုင်ငံ့အကျိုးစီးပွားကို ထမ်းရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးပါ၍သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်ပေသည်။ နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ရေးနှင့် အများပြည်သူဝန်ဆောင်မှုတို့ကို ဆောင်ရွက်ရာတွင် တိုးတက်ဖြစ်ထွန်းရေးတို့နှင့်အတူ ဟန့်တားနှောင့်ယှက်မှုတို့ကို မြင်တတ်အောင်ကြည့်၍ ကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တာဝန်ကျေပွန်လျှင်ပြီးရော သဘောမျိုးမထားဘဲ နိုင်ငံအပေါ်ကောင်းစေလိုသည့် စေတနာထားကာ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နည်းပညာခေတ်ကာလဖြစ်၍ နယ်ပယ်အရပ်ရပ်၌ အကျယ်ပြန့်ဆုံးဖွံ့ဖြိုးတိုးတက်လာမှုများကို မျက်ခြည်မပြတ် ကြည့်ရှုဆောင်ရွက်ရမည်ဖြစ်သည်။

သာဓကအားဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု အခန်းကဏ္ဍများသည် ရှေ့တန်းရောက်လာရာ အသင်းအဖွဲ့ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဖွဲ့စည်းထားသည့် INGO၊ NGO အသင်းအဖွဲ့များ၏ ကောင်းကျိုးဆိုးပြစ်များကိုလည်း သတိပြုမိရန်လိုအပ်ပေသည်။ အချို့သည် စေတနာသန့်သန့်ဖြင့် ဆောင်ရွက်မှုများရှိသလို အချို့သည် ရည်ရွယ်ချက်ရှိရှိဖြင့် စေတနာဗန်းပြဆောင်ရွက်မှုများလည်းရှိသည်ကို သတိမူရမည်ဖြစ်သည်။ ပြည်ပနိုင်ငံအချို့က အချို့သောလူမှုကူညီရေး INGO၊ NGO အသင်းအဖွဲ့များမှတစ်ဆင့် အကူအညီအထောက်အပံ့များ မျှဝေပေးပြီး နိုင်ငံရေးအရ အသုံးချမှုများရှိခဲ့သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံနယ်နိမိတ်အတွင်း သိမ်မွေ့နက်နဲသည့် ထိုးဖောက်ဝင်ရောက်စွက်ဖက်မှုများကို သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

ကောင်းမွန်သောနိုင်ငံဖြစ်စေရေးတွင် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေသောလုပ်ဆောင်မှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်နှင့် လူမှုကွန်ရက်များသည် အများပြည်သူကို အလွှမ်းမိုးနိုင်ဆုံးကဏ္ဍများဖြစ်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထိခိုက်စေနိုင်သော ရေးသား၊ ထုတ်ဝေ၊ ထုတ်လွှင့်၊ မျှဝေမှုများမရှိစေရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ အမျိုးသားရေးအသိ၊ နိုင်ငံအပေါ်စေတနာထားသောသတိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိရေး၊ တိုင်းပြည် ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဓိကကျသောနိုင်ငံ့ဝန်ထမ်းများက မိမိဌာန၊ မိမိနိုင်ငံအပေါ် ကောင်းမွန်သောစေတနာထားပြီး လုပ်ငန်းတိုးတက်အောင်မြင်ရေးသာမက တိုင်းပြည်တွင် ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်များကိုပါ သတိမူရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရေးမြို့နယ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်း



ရေး ဩဂုတ် ၃၁

မွန်ပြည်နယ် ရေးမြို့နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးမြင့်ကြည်က အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသည့် ဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/ တည်းခိုခန်း၊ ရွှေထည် လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း စသည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအား ဒဏ်ငွေတပ်ရိုက်ခြင်း၊ တိုင်ကြားခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၅၀၀ | ၁၉၇ | ၁,၈၅၂,၅၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၅၀ | ၄,၈၃၈ | ၁၅,၃၉၇,၈၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၃၀ | ၂၄၃,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၅ | ၈,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၁၀၀ | ၂၃၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၅၈၄ | ၁,၀၈၄,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

❂ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လာရောက်ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့် အညီ ဘုရားဖူးလာပြည်သူများ အေးငြိမ်းချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်ပမှ နိုင်ငံခြားသား ဧည့်သည်များ နေ့အလိုက် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ စတင်ဖွင့်လှစ်သည့်နေ့မှ ယခုလ ၃၀ ရက်အထိ ဘုရားဖူးလာ သံဃာတော် ၈၂၄၁ ပါး၊ သီလရှင် ၁၉၉၈ ပါး၊ လူပုဂ္ဂိုလ် ၃၂၇၈၇၁ ဦး စုစုပေါင်း ၃၃၈၁၁၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့မှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့် လာရောက်သည့်ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်းလျှော့ချ ကောက်ခံရန် လျာထားဆောင်ရွက်ထားရှိမှု၊ Ticket House တည်ဆောက်ပြီးစီးမှုနှင့် စမ်းသပ်ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပဘုရားဖူးများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ပရဟိတအသင်းများက အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိမှု၊ ဘုရားဖူးလာပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး နေပြည်တော်သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ဘုရားကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲမှုသက်သာစေရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးများ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ရပ်နားရန်နေရာများ စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေး ဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းရန်လျာထားမှုနှင့် ဘုရားကြီးဝေယျာဝစ္စနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဘုရားကြီး၌ ဝန်ထမ်းများတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂေါပကအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဗိုလ်ချုပ် ဇော်နိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရဟန္တာကျောင်းဆောင်တော် နှစ်ဆောင်တည်ဆောက်နေမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီ ဗီဒီယိုမှတ်တမ်း ရိုက်ကူးထားရှိမှု၊ ဂန္ဓကုဋီတိုက် အပြင်ဘက်တွင် အင်္ဂတေစိန်တောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်း နှစ်ဆောင်တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ ဂန္ဓကုဋီတိုက် အဝင်လမ်းဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်လမ်းနှင့် U-Turn တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ဒက္ခိဏသီရိမြို့ စံပယ်လမ်း(ရာဇသင်္ဂဟလမ်းဆုံ) နေရာ Free Way နှင့် လမ်းမြေတိုးချဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဒက္ခိဏသီရိမြို့ သစ်ခွလမ်းတိုးချဲ့ ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် မြတ်မင်္ဂလာလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဘုရားကြီးတည်ဆောက်မှု မှတ်တမ်းစာအုပ်ပြုစုဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့ »»






ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနဇ္ဈမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

**ကူညီဆောင်ရွက်ပေး**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနဇ္ဈနွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေး ဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့ လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားဖူးလာပြည်သူများ အသက်သာဆုံး ဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ ဝင်ရောက်ခွင့်ပေးသွားမည် ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှ စတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်း ကင်မရာ ရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**







»»» စာမျက်နှာ ၃ မှ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားဖူးလာ ဆရာတော် သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဘာဂီယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားကြီး၌ ခန့်အပ်မည့် ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးမှုများနှင့် ပတ်သက်၍လည်း စနစ်တကျဖြစ်စေရေး စိစစ်ခန့်အပ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကို စနစ်တကျစိုက်ပျိုးသွားရန် လိုကြောင်း၊ ဂန္ဓကုဋိတိုက်များအတွင်း အစားအသောက်များ စားသောက်မှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားဘုရားကြီးပရိဝုဏ်တော်အတွင်း သန့်ရှင်းသာယာမှုများရှိစေရေး စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊

## ❂ ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ခြင်းနှင့် ပတ်သက်၍ ပထမသုံးလတာကာလအတွင်း စမ်းသပ်ကာလအဖြစ် အမြဲတမ်းစည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ခြင်းမပြုဘဲ ယာယီစည်းကမ်းသတ်မှတ်ချက်များဖြင့်သာ ဆောင်ရွက်

## ❂ ဘုရားကြီးဝင်ရောက်ခွင့်နှင့်ပတ်သက်၍ ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးရန်နှင့် ဘုရားကြီးဝင်းအတွင်း ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းဖြင့် ကောက်ခံသွားရန်လို

ဘုရားကြီးသို့ ဝင်ထွက်သည့်လမ်းများ စနစ်တကျရှိစေရေးနှင့် ကားရပ်ရန်နေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ခြင်းနှင့် ပတ်သက်၍ ပထမသုံးလတာကာလအတွင်း စမ်းသပ်ကာလအဖြစ် အမြဲတမ်း စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ခြင်းမပြုဘဲ ယာယီစည်းကမ်းသတ်မှတ်ချက်များဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးဝင်ရောက်ခွင့်နှင့် ပတ်သက်၍ ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့် ပေးရန်နှင့် ဘုရားကြီးဝင်းအတွင်း ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းဖြင့် ကောက်ခံသွားရန်လိုကြောင်း၊ ဘုရားကြီးဝင်းအတွင်း ကားပါကင်သို့ ဝင်ရောက်ရပ်နားမှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ယာဉ်ငယ်များကိုသာ ဝင်ရောက်ခွင့်ပြုရန်လိုကြောင်း၊ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့် ရုပ်ပွားတော်မြတ်ကြီးဖြစ်သဖြင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူအင်အားလိုအပ်ချက်၊ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များ၊ စီမံခန့်ခွဲမှုလိုအပ်ချက်များကို ရေရှည်အတွက် ယခုသုံးလတာကာလ တွေ့ကြုံရမှုများအပေါ်တွက်ချက်၍ စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးတွင်လည်းကောင်း၊ ကျောက်စာရုံတော်များအတွင်းတွင် လည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာ ပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာ အခမ်းအနားများကို ဩဂုတ် ၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနဇ္ဈနွယ်ဝင် သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနေဘ်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေဘ်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီးနောက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ပြောရေးဆိုခွင့်ရှိသူများက ငြိမ်းချမ်းရေးအတွက် လက်ရှိဆွေးနွေးဆောင်ရွက်နေမှု၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။



**သမိုင်းဝင်စာချုပ်တစ်ခုဖြစ်**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဝဏ္ဏအောင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့တို့သည် နိုင်ငံတကာအသိသက်သေများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြသည့်အပြင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် သမိုင်းဝင်စာချုပ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၂)ဖွဲ့ ထပ်မံပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၇)ဖွဲ့၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၃)ဖွဲ့နှင့် နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသောပြည်ထောင်စု တည်ဆောက်မည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မည်ဆိုသည့်အချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် ပုဒ်မများမှ ၂၁ ချက်တို့ကို သဘောတူညီခဲ့ကြကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)က UN အဖွဲ့အစည်းနှင့် ပေါင်းစပ်ပြီး အမှန်တကယ်လိုအပ်မည့်ဒေသများသို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်၍ အကူအညီများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ၌ ကရင်ပြည်နယ်တွင် သံတောင်ကြီးမြို့နယ် လိပ်သို/ယာဒိုဒေသ၊ မြဝတီမြို့နယ် လေးကေ့ကော်ဒေသ၊ ရခိုင်ပြည်နယ်တွင် ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်၊ ရှမ်းပြည်နယ်တွင် ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်များရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်သူများထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း ယခုလိုအကူအညီများကို လိုအပ်သည့်ဒေသများသို့ JMC က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၅)ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စောမြရာဇာလင်းက NCA စာချုပ်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အနှစ်သာရရှိသည့် စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်လည်းဖြစ်ကြောင်း၊ အဆိုပါစာချုပ်တွင် အစိုးရကိုယ်စားလှယ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတနှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများလည်း ပါဝင်ခဲ့ကြကြောင်း၊ အဆိုပါစာချုပ်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများလည်း ဆောင်ရွက်ခဲ့ကြောင်း၊ NCA သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သဘောတူစာချုပ်ဖြစ်သဖြင့် တရားဝင်စာချုပ်ဖြစ်ပြီး ပျက်ပြယ်မှုမရှိကြောင်း၊ ထို့ကြောင့် NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုအနေဖြင့် NCA အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်နိုင်သည်အထိ ငြိမ်းချမ်းရေးကို ဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များ လက်တွေ့ကျကျ ပါဝင်နိုင်ရေးကိုလည်း ဆွေးနွေးနေကြောင်း၊ NCA စာချုပ်ချုပ်ဆိုခဲ့သည့်မှာ အောက်တိုဘာ ၁၅ ရက်တွင် ရှစ်နှစ်ပြည့်မည်ဖြစ်သဖြင့် အဆိုပါ NCA စာချုပ်ချုပ်ဆိုခဲ့သည့် ရှစ်နှစ်ပြည့်အခမ်းအနားကို လက်တွေ့ကျကျ အဓိပ္ပာယ်ရှိရှိ ကျင်းပလိုသည့်အစီအစဉ်များကိုလည်း ဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# လတ်တလော ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းကို လေ့လာကြည့်သော. . .

**မောင်ကမ္ဘာ**

၂၀၂၃ ခုနှစ် ဧပြီလဆန်းမှာ ကမ္ဘာ့သံခင်းတမန်ခင်းနဲ့ပတ်သက်ပြီး ထူးခြားတဲ့အလှည့်အပြောင်းတစ်ရပ် ပေါ်ထွက်လာခဲ့ပါတယ်။ ဒီသတင်းကတော့ တရုတ်နိုင်ငံရဲ့ကြားဝင်စေ့စပ်ပေးတဲ့ သဘောတူညီချက်အရ အီရန်နိုင်ငံနဲ့ ဆော်ဒီအာရေဗျနိုင်ငံအကြား ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိမယ်ဆိုတဲ့ နှစ်နိုင်ငံ ပူးတွဲကြေညာချက်ပဲဖြစ်ပါတယ်။

## ဆက်ဆံရေးကျဲတောက်မှု

တကယ်တော့ အီရန်နဲ့ ဆော်ဒီနှစ်နိုင်ငံရဲ့ ဆက်ဆံရေးကျဲတောက်မှုဟာ ဆယ်စုနှစ်မကတော့ပါဘူး။ တိတိကျကျဆိုရရင်တော့ အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီ ဦးဆောင်တဲ့ ရှီးယိုက်အုပ်စုတွေက ၁၉၇၉ ခုနှစ်မှာ အစ္စလာမ္မစ်တော်လှန်ရေးဆင်နွှဲပြီး ရှားဘုရင်ကို ဖြုတ်ချခဲ့တဲ့နောက်ပိုင်းက စလို့ပေါ့။

ထိုစဉ်က အီရန်တို့ရဲ့ အစ္စလာမ္မစ်တော်လှန်ရေးကြောင့် အရှေ့အလယ်ပိုင်းက နိုင်ငံအများစုဟာ တုန်လှုပ်သွားခဲ့ကြတယ်။ အထူးသဖြင့် ဆော်ဒီအပါအဝင် ဘုရင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံအများစုဟာ အီရန်တို့က သူတို့ရဲ့ အစ္စလာမ္မစ်တော်လှန်ရေးကို ဒေသတွင်းတင်ပို့လာမှာ စိုးရိမ်လာကြတဲ့အတွက် အမေရိကန်ရဲ့ထီးရိပ်အောက်ကို လုံးလုံးလျားလျား ပြေးဝင်ခိုလှုံခဲ့ကြရတယ်။

အမေရိကန်ကလည်း သူ့အကျိုးစီးပွားအတွက် ဆော်ဒီ၊ ဘာရိန်း၊ ကာတာ စတဲ့ ရေနံကြွယ်ဝပြီး သဘောထားပျော့ပျောင်းမှုရှိတဲ့ အာရပ်နိုင်ငံတွေကို အကာအကွယ်ပေးခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ဩဇာလွှမ်းမိုးလာအောင်လည်း အာရပ်–အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကမကထဦးဆောင်ကျင်းပပေးလိုက်၊ အီရန်၊ အီရတ်၊ လစ်ဗျားစတဲ့ သဘောထားတင်းမာတဲ့ နိုင်ငံတွေကို ပစ်မှတ်ထားပြီး အာရပ်ကမ္ဘာက မဟာမိတ်တွေနဲ့တင်းမာမှုတွေ ပြင်းထန်လာအောင် မီးထိုးပေးလိုက်၊ လက်နက်တွေ ရောင်းချလိုက်နဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကျင့်သုံးခဲ့တာ ဆယ်စုနှစ်များစွာပါပဲ။

တစ်ဖက်မှာလည်း အမေရိကန်နဲ့ အနောက်အုပ်စုဟာ သူတို့ရဲ့ဩဇာမလွှမ်းတဲ့၊ သဘောထားချင်းမတိုက်ဆိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို မီဒီယာတွေရဲ့အကူအညီနဲ့ အာဏာရှင်တွေ၊ ရက်စက်ကြမ်းကြုတ်သူတွေ၊ ကိုယ်ကျိုးရှာသူတွေ စသဖြင့်ပုံဖော်ခဲ့ကြပါတယ်။ အမေရိကန်သမ္မတဘုရှ်လက်ထက်မှာတော့ ဘုရှ်ကိုယ်တိုင် မြောက်ကိုရီးယား၊ အီရန်နဲ့အီရတ်တို့ကို မကောင်းဆိုးဝါးဝင်ရိုးတန်းသုံးနိုင်ငံ (Axis of Evil) လို့ ပုံဖော်နာမည်ပေးခဲ့ပါတယ်။

**အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုမီဒီယာတွေဆိုတာကလည်း များသောအားဖြင့်** သူတို့နဲ့ဆန့်ကျင်ဘက်နိုင်ငံတွေဆိုရင် အဖြူကို အမည်းဖြစ်အောင် လုပ်ကြံရေးကြ၊ လွှင့်တတ်ကြတယ်။ ကိုယ့်အုပ်စုဝင်မဟုတ်တဲ့ ဆန့်ကျင်ဘက်နိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုဖြစ်စဉ်တွေ ဖြစ်ပွားပေါ်ပေါက်လာရင် အားပေးအားမြှောက်၊ ပါးဖြဲနားဖြဲရေးသားထုတ်လွှင့်ခဲ့ကြသလို နိုင်ငံပျက်စီးလုနီးအခြေအနေတွေ ဆိုးရွားလာလို့ အုပ်ချုပ်ရေးဘက်က တားဆီးနှိပ်ကွပ်မှုတွေရှိလာရင်လည်း "ရောမ သွေးထွက်သံယိုမှုကြီး"၊ "အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး"၊ "အပြစ်မဲ့လက်နက်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်ကွပ်သတ်ဖြတ်မှုကြီး" စတဲ့စကားလုံးတွေ တန်ဆာဆင်သုံးနှုန်းလေ့ရှိပြီး သူတို့အုပ်စုဝင်ဘက်တော်သားနိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုတွေ ပေါ်ပေါက်လာရင်တော့ သိုသိုသိပ်သိပ်၊ လက်သိပ်ထိုးလုပ်တတ်ကြပါတယ်။

## ကမ္ဘာ့မြင်ကွင်းမှာ သာမန်မျှသာဖြစ်

တူနီးရှား၊ အီဂျစ်၊ လစ်ဗျား စတဲ့အာရပ်နွေဦးတော်လှန်ရေးကာလအတွင်း မရေးမနှောင်းဖြစ်ပွားခဲ့တဲ့ အမေရိကန်ရဲ့ မဟာမိတ် ဘာရိန်းအာရပ်နွေဦးတော်လှန်ရေးဟာ ကမ္ဘာ့မြင်ကွင်းမှာ မထင်မရှား၊ မပေါ်လွင်ခဲ့သလို များမကြာမီက ပြင်သစ်နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ပင်စင်ပြုပြင်ပြောင်းလဲမှုကိစ္စနဲ့ပတ်သက်ပြီး လူပေါင်း သုံးသိန်းကျော်၊ လေးသိန်းနီးပါးပါဝင်တဲ့ ဆန္ဒပြမှုဖြစ်စဉ်တွေဟာလည်း ကမ္ဘာ့မြင်ကွင်းမှာ သာမန်မျှသာဖြစ်ခဲ့ပါတယ်။

**အမေရိကန်ရဲ့ လိုရင်လိုသလို၊ မလိုရင် မလိုသလို မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကိုင်စွဲထားတဲ့ ကိုယ်ကျိုးစီးပွား အဓိကမူဝါဒကြောင့်လည်း ယနေ့ကမ္ဘာမှာ အမေရိကန်ရဲ့ဩဇာဟာ တဖြည်းဖြည်းကျဆင်းလာတယ်လို့ပဲဆိုရပါမယ်။ ကုလသမဂ္ဂက တားမြစ်ထားတဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေတဲ့ WMD လက်နက်တွေ ထုတ်လုပ်စုဆောင်းထားတယ်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်နဲ့ အမေရိကန်က ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲအပြီးမှာတော့ အမေရိကန်ရဲ့ဩဇာဟာ ကမ္ဘာမှာ ပိုလို့တောင်ကျဆင်းလာခဲ့ပါတယ်။**

ဒါကို အမေရိကန်တွေကိုယ်နှိုက်ကလည်း သတိပြုမိခဲ့ကြပါတယ်။ ယေးလ်တက္ကသိုလ် စီမံခန့်ခွဲရေးကျောင်းက ကျောင်းအုပ်ကြီး ဂျက်ဖရီဂါးတင်းကိုယ်တိုင် ထိုစဉ်က နယူးစ်ဝိခ်မဂ္ဂဇင်းတွင် ကမ္ဘာတစ်လွှားမှာ အမေရိကန်ဆန့်ကျင်ရေးဝါဒ ကြီးထွားလာနေတယ်လို့ သတိပေးရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးမှာ anti Americanism လို့ သုံးနှုန်းဖော်ပြခဲ့ရုံမက ဥရောပမှာအခြေစိုက်တဲ့ အမေရိကန်ကုမ္ပဏီတချို့ရဲ့ အမှုဆောင်တွေက ဝါရှင်တန်ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ဆန့်ကျင်တဲ့အစိုးရတွေကို သွင်းကုန်တားဆီးတာမျိုးတွေ မလုပ်သင့်ပါဘူးလို့ ပြောတဲ့အကြောင်း ဂါးတင်းက ရေးခဲ့ပါတယ်။

ယခင်က အမေရိကန်ဆန့်ကျင်ရေးဝါဒဟာ လက်ဝဲနိုင်ငံရေးသမားတွေ၊ ပညာတတ်သီးသန့်အလွှာတွေရဲ့ အာဘော်မျှသာဖြစ်ခဲ့ပေမယ့် လက်ရှိမှာတော့ လူ့အဖွဲ့အစည်းရဲ့ ကျယ်ပြန့်တဲ့အလွှာစုံကို ပျံ့နှံ့နေပြီလို့လည်း သတိပေးခဲ့ပါတယ်။

ဆယ်စုနှစ် နှစ်စုအကြာ ယခုမျက်မှောက်ကာလမှာတော့ တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးတဲ့ သဘောတူညီချက်အရ အီရန်နဲ့ ဆော်ဒီနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်မှုဟာ ဆောင်းပါးရှင် ဂါးတင်းရဲ့ သတိပေးသုံးသပ်ချက်တွေက အဟုတ်အမှန်တကယ်အသက်ဝင်လာခဲ့ပြီလို့ပဲ ဆိုရပါမယ်။

အီရန်တို့က ဆော်ဒီနဲ့ပြန်လည်သင့်မြတ်လာခြင်းက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အပြုသဘောဆောင်တဲ့သက်ရောက်မှုတွေအပြင် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံတွေအတွက်လည်းပဲ ကုန်သွယ်ရေးနဲ့ စီးပွားရေးကိုမြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

## ရင်ကြားစေ့သင့်မြတ်ရေးကို ဖော်ဆောင်တဲ့ ခြေလှမ်းကြီးတစ်ရပ်

တရုတ်နိုင်ငံကတော့ "ဆော်ဒီ–အီရန်ဆက်ဆံရေးကောင်းမွန်လာမှုဟာ ဒေသတွင်းနိုင်ငံများ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်း တင်းမာမှုအခြေအနေကို ဖြေလျှော့ရေးမှာ အရေးကြီးတဲ့အနက်အဓိပ္ပာယ်ရှိတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုနဲ့ ပဋိပက္ခဖြေရှင်းရေးရဲ့ အရေးကြီးတဲ့ စံနမူနာဖြစ်ပြီး ပြည်သူ့ဆန္ဒနဲ့လျော်ညီသလို ခေတ်ရေစီးကြောင်းနဲ့ ဒေသတွင်းနိုင်ငံတွေ ဘုံအကျိုးစီးပွားနဲ့လည်း ကိုက်ညီတယ်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအဆိုပြုချက်၊ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအတွက် ခမ်းနားတဲ့ဖော်ဆောင်မှုဖြစ်သလို လူသားမျိုးနွယ်တို့ရဲ့ ပဋိပက္ခကို ကျော်ဖြတ်ပြီး ရင်ကြားစေ့သင့်မြတ်ရေးကို ဖော်ဆောင်တဲ့ ခြေလှမ်းကြီးတစ်ရပ်လည်းဖြစ်တယ်" လို့ဆိုပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေ မဟာဗျူဟာ လွတ်လပ်မှု၊ စည်းလုံးညီညွတ်စွာ ညှိနှိုင်းဆောင်ရွက်ရေးကို အားဖြည့်မှု၊ ပြည်ပစွက်ဖက်မှုမှ ရုန်းထွက်ကာ အရှေ့အလယ်ပိုင်းရဲ့ အနာဂတ်ကို အရှေ့အလယ်ပိုင်းရဲ့လက်ထဲမှာသာ ထားရှိမှုကို မမိုတ်မသုန်ထောက်ခံအားပေးသွားမယ်လို့လည်း အလေးထားပြောကြားသွားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ယခုရက်ပိုင်း ဩဂုတ်လ ၂၃ ရက်နေ့က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့မှာ ကျင်းပခဲ့တဲ့ (၁၅) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးကလည်း ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြန်ပါတယ်။

"ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကနိုင်ငံတို့ဖွဲ့စည်းထားတဲ့ (BRICS) အဖွဲ့ဟာ နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်တဲ့ ကမ္ဘာ့အခင်းအကျင်းထက်ပိုတဲ့ အခင်းအကျင်းအသစ်တစ်ခု ဖြစ်လာစေရန် လုပ်ငန်းစဉ်ကို ချဲ့ထွင်နေတယ်"လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်က တာ့စ်သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က "BRICS နိုင်ငံတွေဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ပြင်ပစီးပွားရေးစိန်ခေါ်မှုတွေကြားက ပူးပေါင်းဆောင်ရွက်မှုဆက်လက်နက်ရှိုင်းလျက်ရှိတယ်" လို့ ဩဂုတ်လ ၂၂ ရက်နေ့က ရုပ်သံလင့်ခ်မှတစ်ဆင့် BRICS စီးပွားရေးဖိုရမ်–၂၀၂၃ မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် သမ္မတပူတင်က "ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ်မှာ တရားမဝင်တဲ့ ပိတ်ဆို့အရေးယူမှုတွေ ကျင့်သုံးဆောင်ရွက်ခြင်း၊ နိုင်ငံရဲ့ အရန်ငွေကြေးတွေကို ဥပဒေနဲ့ ဆန့်ကျင်တဲ့ပိတ်ပင်ခြင်းတွေဟာ အလုံးစုံအနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေရှိခဲ့တယ်" လို့ မှတ်ချက်ပြုခဲ့ပြီး "ဒီလိုလုပ်ဆောင်မှုတွေဟာ အရင်းအမြစ်ပြတ်လပ်ကာ မညီမျှမှုတွေကို တိုးလာစေရုံမက အလုပ်လက်မဲ့ဖြစ်မှုနဲ့ ဈေးနှုန်းမြင့်တက်မှုတွေ ဖြစ်ပေါ်စေတယ်။ အဲဒီမှာ ဖွံ့ဖြိုးမှုအားနည်းတဲ့နိုင်ငံတွေကို ထိခိုက်စေတယ်" လို့ အလေးအနက်ပြောကြားခဲ့တာကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့ပါတယ်။

## အရေးကြီးမိန့်ခွန်းတစ်ရပ် ပြောကြား

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်ကလည်း ထိပ်သီးအစည်းအဝေးမှာ "စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းမည်၊ တာဝန်ယူမှုရှိစွာ ငြိမ်းချမ်းရေးကို မြှင့်တင်မည်"ခေါင်းစဉ်နဲ့ အရေးကြီးမိန့်ခွန်းတစ်ရပ် တက်ရောက်ပြောကြားသွားခဲ့ပါတယ်။

သမ္မတရှီကျင့်ဖျင်က "BRICS နိုင်ငံတွေက နိုင်ငံတကာအခင်းအကျင်းကို ပုံဖော်ရာမှာ အရေးကြီးအင်အားဖြစ်တယ်။ မိမိတို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့အဖြစ် ကုန်သွယ်စီးပွား၊ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုတွေကို နက်ရှိုင်းအောင် ဆောင်ရွက်ရမှာဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာ လုယူလို့မရတဲ့ နိုင်ငံတိုင်းရဲ့ အခွင့်အရေးဖြစ်ပြီး နိုင်ငံအနည်းစုရဲ့ "မူပိုင်ခွင့်" မဟုတ်ဘူး။ BRICS နိုင်ငံတွေဟာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို အတူအဖော်ပြုလျှောက်လှမ်းကြသူတွေဖြစ်လို့ ကွင်းဆက်ဖြတ်တောက်ခြင်း၊ စီးပွားရေးအကျပ်ကိုင်ခြင်းတွေကို ဆန့်ကျင်ရမယ်" စသဖြင့် ပြောကြားသွားခဲ့ပါတယ်။

အဆိုပါ ထိပ်သီးအစည်းအဝေးမှာ BRICS ခေါင်းဆောင်တွေဟာ အဖွဲ့ဝင်တွေအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ အဖွဲ့ဝင်အင်အား တိုးချဲ့မှုအပါအဝင် ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပြီး အာဂျင်တီးနား၊ အီဂျစ်၊ အီသီယိုးပီးယား၊ **စာမျက်နှာ ၇ သို့** ✦

**အမေရိကန်ရဲ့ လိုရင်လိုသလို၊ မလိုရင်မလိုသလို မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကိုင်စွဲထားတဲ့ ကိုယ်ကျိုးစီးပွား အဓိကမူဝါဒကြောင့်လည်း ယနေ့ကမ္ဘာမှာ အမေရိကန်ရဲ့ဩဇာဟာ တဖြည်းဖြည်းကျဆင်းလာတယ်လို့ပဲဆိုရပါမယ်။ ကုလသမဂ္ဂက တားမြစ်ထားတဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေတဲ့ WMD လက်နက်တွေ ထုတ်လုပ်စုဆောင်းထားတယ်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်နဲ့ အမေရိကန်က ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲအပြီးမှာတော့ အမေရိကန်ရဲ့ဩဇာဟာ ကမ္ဘာမှာ ပိုလို့တောင်ကျဆင်းလာခဲ့ပါတယ်**

**"နိုင်ငံတကာ သံခင်းတမန်ခင်းကဏ္ဍမှာ မိတ်ဆွေစစ်မှန်ရင် ဆက်ဆံရေးဟာ ခေါင်းဆောင်အဆက်ဆက် သားစဉ်မြေးဆက်တည်တံ့ခိုင်မြဲနေမှာ ဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှု၊ နားလည်စာနာမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတွေကြောင့်လည်း မိတ်ဆွေနိုင်ငံတွေအချင်းချင်းဟာ တူရာတူရာ စုဖွဲ့စုပေါင်းလာခဲ့ကြရာမှ လက်ရှိကာလမှာ ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်"**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၉၈ ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်း ၄၁၇ ဦး စုစုပေါင်း ၅၁၅ ဦးနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနမှ အရာထမ်း ၂၀၇ ဦး တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

Myanmar Electronic Voting Machine (MEVM) စက်သည် လုံခြုံရေးစနစ် စိတ်ချယုံကြည်ရပြီး Internet၊ Wireless စနစ် မဟုတ်သည့်အတွက် နည်းပညာဆိုင်ရာမသမာသူများက စနစ်အတွင်း ကြားဝင်နှောင့်ယှက်၍ ဟန့်တားခြင်းများ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မဲပေးရာတွင် မဲဆန္ဒရှင်များ အနေဖြင့် ခလုတ်တစ်ချက်နှိပ်၍ ဆန္ဒပြုရခြင်းဖြစ်သည့်အတွက် ရှင်းလင်းလွယ်ကူစွာ လူတန်းစားမရွေး စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးဆောင်ရွက်နိုင်မည်ဖြစ်ရာ ရွေးကောက်ပွဲ၏ အနှစ်သာရဖြစ်သော ပြည်သူများ၏ဆန္ဒကို အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ယနေ့အထိ ဝန်ကြီးဌာန ၂၈ ခု၌ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၅၇၆၆ ဦးတို့ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရန်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ်၊ တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်ခဲ့သော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပလျက်ရှိပြီး ကွေ့ကျိုးတက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များအကြား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မြဲစွာမြှင့်တင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကော့သောင်းမြို့၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း



ကော့သောင်း ဩဂုတ် ၃၁

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ်(အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကော့သောင်းမြို့နယ် အခွန်ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးစန္ဒာက အခွန်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ်(အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်အခွန်ထမ်းများ၏ မရှင်းလင်းသည့်အချက်များ မေးမြန်းမှုများအား တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်နှင့် မိုဘိုင်းဖုန်းဆိုင်များ အစရှိသည့် လုပ်ငန်းအသီးသီးမှ လုပ်ငန်းရှင် ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ပွင့်ဖြူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင်မုန်းချောင်းအတွင်း ငါးသယံဇာတများ ပိုမိုပေါကြွယ်ဝစေရေးအတွက် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သက်တော်ရှည်ရပ်ကွက်အနီး၌ ယမန်နေ့နံနက် ၈ နာရီက နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား သဘာဝရေပြင်မုန်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့်တာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစိုးလှိုင်နှင့်ဝန်ထမ်းများ၊ ပြည်သူများက ပွင့်ဖြူငါးသားပေါက်စခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား သဘာဝရေပြင်မုန်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✦ စာမျက်နှာ ၆ မှ

အီရန်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့ပါတယ်။ ၎င်းခြောက်နိုင်ငံဟာ လာမယ့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ BRICS အဖွဲ့ဝင်သစ်တွေအဖြစ် စတင်အသက်ဝင်လာမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ သမ္မတရှီကျင့်ဖျင်ဟာ ဂျိုဟန်နစ္စဘတ်မြို့မှာ ရောက်ရှိစဉ်အတွင်း တရုတ်-အာဖရိကခေါင်းဆောင်များဆွေးနွေးပွဲမှာ အာဖရိကဒေသ ခေတ်မီအသွင်ပြောင်းမှုအတွက် တရုတ်နိုင်ငံနဲ့ အာဖရိက အတူတကွဆောင်ရွက်သွားဖို့ တိုက်တွန်းပြောကြားပါတယ်။

တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း အာဖရိကရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိတယ်လို့ သိရပါတယ်။ တကယ်တော့ တရုတ်နိုင်ငံနဲ့ အာဖရိကနိုင်ငံတွေရဲ့ ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် နားလည်ယုံကြည်မှုတို့ဟာ သမိုင်းအစဉ်အလာကြီးမားခဲ့ပါတယ်။ ၁၉၅၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း အာဖရိက ၃၆ နိုင်ငံကို တရုတ်ရဲ့ ထောက်ပံ့ငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၆ ဘီလီယံရှိခဲ့ကြောင်း မှတ်တမ်းတွေအရသိရပါတယ်။

၁၉၆၄ ခုနှစ်ကာလမှာလည်း တန်ဇန်းနီးယားနိုင်ငံရဲ့ အကူအညီတောင်းခံမှုကြောင့် တရုတ်နိုင်ငံဟာ တန်ဇန်းနီးယား-ဇမ်ဘီယာမီးရထားလမ်းကွန်ရက်ကြီးတစ်ခုကို တည်ဆောက်ပေးခဲ့ဖူးပါတယ်။ ထိုစဉ်အခါက တရုတ်ပြည်ရဲ့ စီးပွားရေးအင်အားအရ ကီလိုမီတာ ၁၈၀၀ ကျော်ရှည်တဲ့ တန်ဇန်းနီးယား-ဇမ်ဘီယာမီးရထားလမ်း ကူညီဆောက်လုပ်ရေးအတွက်ဆိုတာ လုံးဝမလွယ်တဲ့ကိစ္စဖြစ်ပါတယ်။ ဝန်ကြီးချုပ်ချူအင်လိုင်းဟာ ထိုစဉ်က တရုတ်နိုင်ငံရဲ့ ခနအင်အားကြောင့် ချီတုံချတုံဖြစ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ ကူညီဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ အာဖရိကနိုင်ငံတွေအပေါ် ကူညီထောက်ပံ့မှုတွေကလည်း အဟောသိကံအချည်းအနှီးမဖြစ်ခဲ့ပါဘူး။ ၁၉၇၁ ခုနှစ် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂရဲ့ တရားဝင်နေရာပြန်လည်ရရှိရေးဆွေးနွေးချိန်မှာ အဆိုတင်သွင်းတဲ့ ၂၃ နိုင်ငံအနက် ၁၁ နိုင်ငံဟာ အာဖရိကနိုင်ငံတွေဖြစ်ပြီး ထောက်ခံမဲပေးတဲ့အခါမှာ ၇၈ နိုင်ငံအနက် အာဖရိကနိုင်ငံ ၂၆ နိုင်ငံက ပါဝင်မဲပေးခဲ့ကြပါတယ်။

**နိုင်ငံတကာ သံခင်းတမန်ခင်းကဏ္ဍမှာ မိတ်ဆွေစစ်မှန်ရင် ဆက်ဆံရေးဟာ ခေါင်းဆောင်အဆက်ဆက် သားစဉ်မြေးဆက်တည်တံ့ခိုင်မြဲနေမှာဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှု၊ နားလည်စာနာမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတွေကြောင့်လည်း မိတ်ဆွေနိုင်ငံတွေအချင်းချင်းဟာ တူရာတူရာ စုဖွဲ့စုပေါင်းလာခဲ့ကြရာမှ လက်ရှိကာလမှာ ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။** ။

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၆)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ အားကစားမောင်မယ်များက ဝူရှူး၊ အေရိုးဗစ်နှင့် ဂျွမ်းဘားအားကစားတို့ကို သရုပ်ပြသကြသည်။

ဆက်လက်၍ ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က ရယ်ရွှင်ဖွယ်ရာ ဟာသပျက်လုံးများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများ ပြည့်စုံနေရန် လိုကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာ အပါအဝင် ဗလငါးတန် ဖွံ့ဖြိုးစေမည့် ပညာရေးစနစ်တစ်နည်းအားဖြင့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေပါကြောင်း၊ ဘက်စုံပညာရေးသည် ကျယ်ပြန့်ပါကြောင်း၊ ဘက်စုံပညာရေးတွင် ထူးချွန်ရမည့်၊ ရှိရမည့်အရည်အသွေးများ များစွာ ပါဝင်ပါကြောင်း။

လူငယ်များ စာပေအတတ်ပညာသာမက ဘဝအတွက် လိုအပ်သည့် အသိပညာများပါ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များအနေဖြင့်လည်း ဘက်စုံထူးချွန်သည့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသားကျောင်းသူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ဆရာဆရာမများကလည်း တပည့်သားသမီးများကို ဘက်စုံထူးချွန်သည့် နိုင်ငံတော်က အားထားရမည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။



ဆရာမကြီး ဒေါ်မေကျော့ရှင်း အသိပညာနှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားစဉ်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဆရာမကြီး ဒေါ်မေကျော့ရှင်းအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က လက်ခံရယူသည်။



ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင် လက်ခံရယူစဉ်။

ယင်းနောက် ဆရာမကြီး ဒေါ်မေကျော့ရှင်းက အသိပညာနှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မင်္ဂလာပါဆိုသည်မှာ အင်မတန်တန်ဖိုးရှိသည့် မြန်မာ့ယဉ်ကျေးမှုနှုတ်ခွန်းဆက်စကားဖြစ်ကြောင်း၊ လူကြီးလူငယ်၊ နံနက်၊ ညနေအချိန်အခါမရွေး မင်္ဂလာပါ တစ်လုံးတည်း နှုတ်ဆက်ရုံဖြင့် မင်္ဂလာရှိသွားကြောင်း၊ ထို့ကြောင့် မင်္ဂလာပါဆိုသည့်စကားကို အမြဲတမ်း မမေ့မလျော့ဘဲ သုံးစွဲပေးရန် မှာကြားလိုကြောင်း၊ ကလေးများအနေဖြင့် မသိတာကို မေးမြန်းစေလိုကြောင်း၊ ဆရာဆရာမများကို ရိုသေလေးစားပြီး မေးမြန်းချင်သည့် ဆန္ဒရှိပါက မေးမြန်းစေလိုကြောင်း၊ လောကတွင် ကောင်းခြင်းနှင့် ဆိုးခြင်း နှစ်မျိုးတည်းသာရှိကြောင်း၊ ထို့ကြောင့် မိမိ၏ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာပြီး ကောင်းခြင်း၊ ဆိုးခြင်းကိုသိအောင် စဉ်းစားရမည်ဖြစ်ပါကြောင်း။

ပညာတွင် အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ကလေးတို့အနေဖြင့် အသိပညာရရန်အတွက် စာများများဖတ်ရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ကောင်းခြင်း၊ ဆိုးခြင်းကိုလည်း ခွဲခြားနိုင်ကြောင်း၊ လောကတွင် စိတ်သည်လည်းအဓိကအရေးကြီးကြောင်း၊ စိတ်ကို ဖြူစင်အောင်ထားရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားဟု ဆိုရာတွင် ဗုဒ္ဓဘာသာတွင် ငါးပါးသီလရှိကြောင်း၊ မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့် တရားအပြင် ကိုယ်ပိုင် အကျင့်တရားလည်းရှိကြောင်း၊ ကိုယ်ပိုင်အကျင့်တရား ဆိုသည်မှာ ကိုယ်ကိုယ့်ကိုယ် ကောင်းအောင်ပြုမူပြုပြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မကောင်းသည့်အရာများကို လုံးဝရှောင်ကြဉ်ပြီး ဘဝကို အောင်မြင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း စသဖြင့် ကျောင်းသား ကျောင်းသူများအား အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ မြန်မာ့အသံ ဓာတ်ပြားရ တေးသီချင်းဖြစ်သော "ဆရာမတို့ ငယ်ငယ်တုန်းက ...." သီချင်းကို နောက်ခံတီးလုံးဖွင့်၍ သီဆိုသည်။

ဆက်လက်၍ MRTV– 4 ရုပ်သံမှ အနုပညာရှင်များဖြစ်ကြသည့် လူးကပ်စ်၊ နက်ရှိုင်းကို၊ သံစဉ်ဆည်းဆာနှင့် မေသင်းကိုတို့က မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသားလူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲ ခင်းကျင်းပြသခြင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)မှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ထားရှိပေးထားခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများစီစဉ်ပေးထားခြင်း၊ MRTV – 4 ရုပ်သံမှ အနုပညာရှင်များက ကျောင်းသားကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ် Game များ ကစား၍ အနိုင်ရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ ဟာသပညာရှင် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စား ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြည့်ရှုလေ့လာကြသည်။ **သတင်းစဉ်**



ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲတွင် ခင်းကျင်းပြသထားသည်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

# မြိတ်မြို့နယ်၌ အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ခြင်းကို လိုက်နာဆောင်ရွက်စေရေး အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း



မြိတ် ဩဂုတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရွှေဆိုင်၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းများတွင် ရောင်းချလျက်ရှိသော အရောင်းပြေစာများအပေါ် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ဆောင်ရွက်ခြင်းကို တိကျစွာ လိုက်နာဆောင်ရွက်စေရေးအတွက် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ယမန်နေ့က ပြုလုပ်သည်။

အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းရာတွင် မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိဏ်းက အခွန် အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသောလုပ်ငန်းများ၏ အရောင်းပြေစာများအပေါ် အမှတ်တံဆိပ် ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်**

အခွန်ပညာပေးရှင်းလင်းပွဲသို့ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရွှေဆိုင်၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင် စုစုပေါင်း ၁၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၃၁

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ ရောက်ရှိရာ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းသည်။




**တက်ရောက်**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ နာဂရိုးရာယဉ်ကျေးမှုပြတိုက်တွင် ကျင်းပသော ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နာဂဒေသအတွင်းရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စားရေရိက္ခာပေါများရေးအတွက် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရန်လိုအပ်မှု၊ ရာသီဥတု ကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် စနစ်ကျ ကုန်းမြင့်လယ်ယာများဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ရွှေ့ပြောင်းတောင်ယာခုတ်၍ စိုက်ပျိုးမှုစနစ်ပပျောက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှု ကော်မတီအတွက် ငွေကျပ်၁၀ သိန်းစီ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများအတွက် ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက မြို့နယ်အဆင့်ဌာနဆိုင်ရာများအတွက် ငွေကျပ်၁၀ သိန်းနှင့်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသခံတောင်သူများအတွက် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ(၂၀၂၃-၂၀၂၈)မူကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ(၂၀၂၃-၂၀၂၈)မူကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက် အမှာစကားပြောကြားသည်။



**မဟာဗျူဟာ ၆ ရပ် ချမှတ်ဆောင်ရွက်မည်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ (၂၀၂၃-၂၀၂၈)တွင် "စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သောမူပိုင်ခွင့် စနစ်တစ်ရပ်တည်ထောင်ရန်"ဟူသော မျှော်မှန်းချက်ဖြင့် မဟာဗျူဟာ ၆ ရပ် ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ မြင့်မားတိုးတက်လာရေးတို့အတွက် အထောက်အကူဖြစ်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ ပေါ်ပေါက်လာစေရန် ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်းနှင့် အစည်းအဝေးမှ ရရှိလာမည့် ဆွေးနွေးချက်များနှင့်အညီ ပြင်ဆင်ပြီး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏(၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးတို့က အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ(၂၀၂၃-၂၀၂၈)မူကြမ်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များတောင်းခံခဲ့မှု၊ ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်ပညာပေး ရှင်းလင်းဆောင်ရွက်

ကျွန်းစု ဩဂုတ် ၃၁

ကျွန်းစုမြို့နယ်အတွင်းရှိ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရွှေဆိုင်၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များကို အရောင်းပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေးအတွက် ဩဂုတ် ၃၁ ရက်က ကျွန်းစုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်ပညာပေး ရှင်းလင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ အခွန်ပညာပေး ရှင်းလင်းပွဲ၌ ကျွန်းစုမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော လုပ်ငန်းများ၏ အရောင်းပြေစာများအပေါ် အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရေး လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များမှလည်း သိရှိလိုသည်များကို ပြန်လည်တင်ပြ ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖလမ်းမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

ဖလမ်း ဩဂုတ် ၃၁

ချင်းပြည်နယ် ဖလမ်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ ဗဟုသုတတိုးပွားရေး ရည်ရွယ်လျက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးရှိန်းတမ်က လူငယ်နှင့်စာပေ မြတ်နိုးစိတ် ခေါင်းစဉ်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမာန်မနားက လူငယ်နှင့်



အားကစား ခေါင်းစဉ်၊ ဖလမ်းမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးဝင်းက မူခင်းကျဆင်းရေးနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်များ သိကောင်းစရာ ခေါင်းစဉ်၊ မြို့နယ်ပညာရေးမှူး ဦးဟုမ်ဇထန်းက လူငယ်နှင့် ပညာရေး ခေါင်းစဉ်၊ ဖလမ်းမြို့မ စခန်းမှူး ဒုတိယရဲမှူး သိန်းဇော်က မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဥပဒေပြစ်မှု၊ ပြစ်ဒဏ်များဆိုင်ရာ သိကောင်းစရာ ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကိမ်လွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၃၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲမြင့်အောင်**

ပညာမြင့်မှ လူမျိုးတင့်မည်

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မေတ္တာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော် ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အသံမစဲမေတ္တာပို့အောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ ဆောင်ရွက်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ပန်းစေတီများပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရား အာရုံခံတန်ဆောင်းမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများအား ပန်းစေတီများကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပ ရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိဋ္ဌကရေ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် ဓမ္မပူဇာ မင်္ဂလာသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော် ဂေါပကရုံး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များက နတ်ဗြဟ္မာများကိုပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်းနှင့် ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် စေတီတော်ဂေါပကဦးသိန်းဦးက မေတ္တာအခါတော်နေ့ မေတ္တာသုတ် ဓမ္မပူဇာ မင်္ဂလာထောမနာအား မြွက်ကြား၍ ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ် အမွှန်းနှင့် မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဆိုခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ဆက်လက်၍ သက်လွှတ်ပွဲကိုကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက စေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ငှက်များကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ – ကိုကိုဇော်(MNA)



## ဝါခေါင်လပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိ

ကျိုက်မရော ဩဂုတ် ၃၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ဘုရားကျောင်းကန် စေတီပုထိုးများ၌ ယနေ့နံနက်ပိုင်းမှစတင်ကာ ဥပုသ်သီလဆောက်တည်သူ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ရွှေအိုး၊ ငွေအိုးမြုပ်သောနေ့ဟူ၍ သတ်မှတ်ကာ သီလပွဲများတွင် ရွှေအိုး၊ ငွေအိုးများထား၍ လှူဖွယ်ပစ္စည်းမျိုးစုံနှင့် ဝတ္ထုငွေများကို ထည့်ဝင်လှူဒါန်းခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့ကို အသက်အရွယ်အလိုက် ပြုလုပ်ဆောင်ရွက်ကြပြီး ဓမ္မစကြာတရားတော်များ၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြခြင်းတို့ကို အသင်းအဖွဲ့အလိုက် ဆုတောင်းပြည့်ဘုရားကြီးတွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝါခေါင်လပြည့်နေ့တွင် ပင်းတယမြို့နှင့် အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ



ပင်းတယ ဩဂုတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၌ ဝါတွင်းကာလ ဝါခေါင်လပြည့်နေ့တွင် ပင်းတယမြို့နှင့် အနီးအနားဝန်းကျင်ရှိ ဘုရား၊စေတီ၊ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပင်းတယမြို့ပေါ်နှင့် အနီးအနားပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ပြည်သူများသည် နံနက်အရုဏ်တက်ချိန်မှ စတင်၍ ဘုရားစေတီများ၌ ဆွမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခြင်း၊ ရဟန်းသံဃာများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့်ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များကလည်း သီလပေး တရားတော်နှင့်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ကြသည်။

ယနေ့တွင် ပင်းတယမြို့၏ အထင်ကရဖြစ်သော သဘာဝရွှေဥမင်လိုဏ်ဂူ၊ ကုံလုံစဥ့်စံကျောင်း၊ စကြာတောင်တို့တွင် ဒေသခံပြည်သူများသာမက အနယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းများကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းများအပြင် ဥပုသ်သီတင်း သီလဆောက်တည်၍ တရားအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက်ရွတ်ဖတ်၍ ကုသိုလ်ကောင်းမှုပြုကြသည်။

ထို့အတူ ပင်းတယမြို့၏ အထင်ကရနေရာများဖြစ်သော သဘာဝပုန်းတလုတ်ရေကန်၊ ဇော်ဂျီရေထွက်ချောင်း၊ ရွှေဥမင်ဘုရားတောင်ခြေ၊ ကြာအင်းကန်နှင့် အင်းလေးကန်တို့တွင်လည်း ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်မှ လာရောက် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

## ဝါခေါင်လပြည့်နေ့တွင် မွန်ရိုးရာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့တွင် မွန်တိုင်းရင်းသားတို့ ရိုးရာအစဉ်အလာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် ရာမညပုညကာရီအသင်းတို့ ပူးပေါင်းကျင်းပသည်။

အခမ်းအနားတွင် ဖိုလ်တထောင်မြို့နယ် ပရိယတ္တိစာသင်တိုက်မှ ဆရာတော် အရှင်ကန္တိဓဇထံမှ ငါးပါးသီလခံယူဆောက်တည်ကာ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော “နိမိ” လေးမျိုးအနက်မှ “အနဂါမိကနိမိ” ဟုဆိုအပ်သော ဒါန(လှူဒါန်းခြင်း)၊ သီလ(ဆောက်တည်ခြင်း)၊ ဘာဝနာ (ပွားများခြင်း) တရားတို့ကို နာယူပွားများ၍ ပင့်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်နှင့် ကော်မတီဝင်များ၊ မွန်တိုင်းရင်းသားအငြိမ်းစားဝန်ထမ်းများ၊ ရာမညပုညကာရီ မွန်ပရဟိတအသင်းသူအသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကုသိုလ်ပွားများခဲ့ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

■

## ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်




- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးကုမ္ပဏီများ သိရှိလိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၃၁

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်စီမံခန့်ခွဲရေး ကော်မတီက ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးကုမ္ပဏီများ သိရှိလိုက်နာဆောင်ရွက်ရန်အတွက် တိုက်တွန်းနှိုးဆော်ချက်ကို ဩဂုတ် ၂၅ ရက်နေ့က ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ဆန်စပါးသည် ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်ပြီး ဖူလုံရုံမျှမကပိုလျှံမှုရှိသဖြင့် ပြည်ပသို့ နှစ်စဉ်တင်ပို့ရောင်းချနေခြင်းနှင့် ယခုနှစ်တွင်လည်း စပါးလက်ကျန်ဆန်လက်ကျန် လုံလုံလောက်လောက်ရှိနေမှုအပေါ် ဆန်စပါးလုပ်ကိုင်နေသူများ သိရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆန်ဈေးနှုန်းများကို သင့်တင့်မျှတပြီး တည်ငြိမ်စေရန်နှင့် ဆန်ဈေးနှုန်းများကို ဈေးကစားလိုသောသဘောဖြင့် ဆောင်ရွက်မှုများ၊ သိုလှောင်ထားပြီး ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ မဖြစ်စေရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်ဆန်စပါးအသင်းများ၏ အသင်းဝင်ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ကြေညာချက်များကို အထူးဂရုပြုလိုက်နာပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းနှိုးဆော်ထားသည်။

ထို့ပြင် ဆန်စက်များအနေဖြင့် မိမိတို့ဝယ်ယူသိုလှောင်ထားသောစပါးများ၊ ကုန်အပ်လက်ခံထားသောစပါးများကို စနစ်တကျ စာရင်းပြုစုထားရန်၊ ဝယ်ဈေးရောင်းဈေးနှင့် ဝယ်သူရောင်းသူမှတ်တမ်းများ၊ ကုန်ရ/ကုန်ထုတ်/ကုန်လက်ကျန်မှတ်တမ်းများ စနစ်တကျထားရှိရန်၊ လျှပ်စစ်မီးရရှိချိန်များတွင် ဆန်စက်များ စွမ်းအားပြည့်လည်ပတ်ရေးဆောင်ရွက်ရန်၊ နေ့စဉ်ဆန်စက်လည်ပတ်ချိန်များကို မှတ်တမ်းထားရှိရန်၊ လျှပ်စစ်မီးလျော့နည်းရရှိခြင်းကြောင့် ဒီဇယ်ဖြင့် ဆန်စက်လည်ပတ်ရန်၊ လိုအပ်မှုရှိပါက မြို့နယ်/ခရိုင်/တိုင်း/ပြည်နယ်ရှိ အသင်းခွဲများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ထံသို့ တင်ပြရန်၊ စက်ချို့ယွင်းမှုကြောင့် ဆန်စက်မလည်ပတ်နိုင်မှုအခြေအနေရှိပါက ကြိုတင်၍ သတင်းပို့ထားရန်၊ ဧရာဝတီပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းစသော ပြည်တွင်းစားဆန်နှင့် စပါးများကို သိုလှောင်ထားပါက သိုလှောင်မှုမှတ်တမ်းများထားရှိရန်နှင့် ဈေးကွက်အတွင်းသို့ ပုံမှန်ရောင်းချမှုအတိုင်း ပုံမှန်ထုတ်ရောင်းပေးရန်၊ ပစ္စည်းရှိလျက်လျော့နည်းရောင်းချမှုများ လုံးဝမပြုလုပ်ရန်၊ စပါးဈေးမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်နေသူများကို ဝိုင်းဝန်းဖော်ထုတ်ပြီး အသင်းချုပ်သို့ဖြစ်စေ၊ သက်ဆိုင်ရာဌာနဆိုင်ရာများသို့ဖြစ်စေ အချိန်မီအသိပေးရန် နှိုးဆော်ထားကြောင်း သိရသည်။

မျိုးမင်းသူရ

# ဝါခေါင်လပြည့်နေ့တွင် ပေါင်မြို့နယ်၌ ဘုရားဖူးသူများ စည်ကားလျက်ရှိ

ပေါင် ဩဂုတ် ၃၁

ဝါခေါင်လပြည့်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးသူများ၊ ရပ်ဝေး၊ ရပ်နီးမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝါခေါင်လပြည့်နေ့တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်လျက်ရှိသည်။ လူငယ်များကလည်း အများပြည်သူသွားလာရာနေရာများတွင် မွန်ရိုးရာဝတ်စုံများဝတ်ဆင်၍ ပန်းများ၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းနိုင်ရန် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ထို့ပြင် ကျိုက်ပေါင်းဆံတော်ရှင်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ယောဂီအဖွဲ့ ၁၇ ဖွဲ့က ဓမ္မစကြာတရားတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကာ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

ပေါင်မြို့နယ်အတွင်းရှိ ကျောက်သဘော်ဘုရား၊ ဇင်းကျိုက်ရေတံခွန်နှင့် ဆင်ရှာရေတံခွန်တို့တွင်လည်း ရပ်ဝေး၊ ရပ်နီးမှ ဧည့်သည်များက ဘုရားဖူးပြီးအပြန် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဝါခေါင်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးလာသူများဖြင့် စည်ကား

ညောင်ဦး ဩဂုတ် ၃၁

ဝါခေါင်လပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီးမဟုတ်သည့်နေ့များတွင်ပင် ဘုရားဖူးများအမြဲလာရောက်လျက်ရှိသည့်ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများနှင့် သော်လည်းကောင်း လာရောက်ဘုရားဖူးလျက်ရှိသည်။



ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ယနေ့ဝါခေါင်လပြည့်နေ့ နံနက် ၄ နာရီမှစတင်၍ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်း ပရိတ်၊ ပဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိနေကြကြောင်း ရွှေစည်းခုံဘုရားရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူ၌ ဝါတွင်းကာလတွင် နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ဝါခေါင်လပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးလာရောက်သူများ များပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်ကောင်းလျက်ရှိကြောင်း၊ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူးဝင်ရောက်မှု များပြားခဲ့ကြောင်း သိရသည်။

ဝါခေါင်လပြည့်နေ့တွင် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေးတစ်လျှောက် ဖွင့်လှစ်ထားရှိသည့် အညာရိုးရာထန်းတဲများတွင်လည်း ဘုရားဖူးယာဉ်များ ပြည့်လျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

# ဝါခေါင်လပြည့်နေ့တွင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ပွင့်ဖြူ ဩဂုတ် ၃၁

ဝါခေါင်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးတွင် ယနေ့နံနက်ပိုင်းက ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

“ဒီနေ့ဟာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ဝါခေါင်လပြည့်နေ့ဖြစ်လို့ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာတဲ့သူတွေများလို့ အလွန်စည်ကားလျက်ရှိပါတယ်။ ဘုရားဖူးလာကြတဲ့ဧည့်သည်တွေက ဘုရားကြီးကို ဦးခိုက်ဖူးမြော်ကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတွေ ကပ်လှူပူဇော်ကြတယ်။ သက်ကြီးဘိုးဘွားတွေကတော့ ဘုရားကြီးကို ဦးခိုက်ဖူးမြော်ကြပြီး ဘုရားရင်ပြင်တော်မှာရှိတဲ့ နားနေပြာသာဒ်ဆောင်တွေမှာ တရားဘာဝနာ ပွားများအားထုတ်ကြတယ်။ တချို့ဘုရားဖူးဧည့်သည်တွေကတော့ ဘုရားအနီးမှာရှိတဲ့ ငါးကန်မှာ ငါးစာ၊ လိပ်စာကျွေးပြီး ကုသိုလ်ယူကြတယ်။ ဘုရားဖူးပြည်သူတွေကိုလည်း စိတ်အေးချမ်းစွာနဲ့ ဖူးမြော်နိုင်အောင် ဘုရားဖူးမြော်ခွင့်ကို နံနက် ၆ နာရီကနေ ည ၈ နာရီအထိ ခွင့်ပြုထားပါတယ်”ဟု စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးမှ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးကြည်စိုးက ပြောသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရထားဥဩသံညံစေချင် တို့မြန်ပြည်တစ်ခွင်

ညီညီ(ရထား)

**(ယမန်နေ့မှအဆက်)**

စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနသည် စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဘာသာရပ်များ အထူးပြုဘွဲ့၊ ဒီပလိုမာ၊ ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိပြီး စက်ခေါင်း/တွဲများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း၊ စက်ခေါင်းမောင်းနှင့် တွဲထိန်းများကို ကြီးကြပ်စီမံဆောင်ရွက်ခြင်းပြုရပါသည်။

မြို့ပြအင်ဂျင်နီယာဌာနသည် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များအထူးပြုဘွဲ့၊ ဒီပလိုမာ၊ ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိပြီး ရထားလမ်း၊ တံတားနှင့် အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ကွန်ကရစ်ဇလီဖားနှင့် တံတားပေါင်များ ထုတ်လုပ်ခြင်း၊ လမ်းပိုင်းအသစ်များ ဖောက်လုပ်ရာတွင် လမ်းအူကြောင်း တိုင်းတာရှာဖွေခြင်း၊ ဒီဇိုင်းရေးဆွဲထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။

ရထားပြေးဆွဲရေးလုပ်ငန်းအပေါ် ပံ့ပိုးကူညီပေးရသည့် ဌာနကြီးရှစ်ခုအနက် စစ်ဆေးရေးဌာနသည် ဌာနအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းများအပေါ် ချမှတ်ထားသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှု ရှိ/မရှိ၊ ပစ္စည်း/ငွေကြေးများလေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ စွမ်းအားစုများကို ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် စစ်ဆေးကြပ်မတ်ခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ပါသည်။

စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကိစ္စများ၊ နိုင်ငံတကာချေးငွေ၊ နည်းပညာအကူအညီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအပေါ် စီမံချက်ရေးဆွဲခြင်းနှင့် စောင့်ကြည့်ခြင်း၊ ပြည်သူလူထုအား ဆက်သွယ်ပြန်ကြားရေးကိစ္စများ၊ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပါသည်။

မြန်မာ့မီးရထား၏ ရထားလမ်းကွန်ရက်တစ်လျှောက် ခွဲခြားထားသည့် တိုင်းနယ်မြေအလိုက် အထွေထွေစီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းများပြုလုပ်နိုင်ရန် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အုပ်ချုပ်ရေးဌာနနှစ်ခုကိုလည်း တာဝန်ပေးအပ် ဖွဲ့စည်းထားပါသည်။ စီးပွားရေးဌာနသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပိုင်မြေများအသုံးချ၍ ဝင်ငွေရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးဌာနသည် နိုင်ငံတော်ကသတ်မှတ်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ငွေ၊ ထွက်ငွေများအပေါ် ကြီးကြပ်ခြင်း၊ အသုံးစရိတ်များ စနစ်တကျ ထုတ်ပေးခြင်း၊ ဝန်ထမ်းများ၏ လစာနှင့် စရိတ်အား စီမံဆောင်ရွက်ပေးခြင်း၊ နှစ်စဉ်အရှုံး/အမြတ် စာရင်းပြုစုခြင်းစသည်တို့ကို ဆောင်ရွက်ပါသည်။ ထောက်ပံ့ဌာနသည် ဌာနအသီးသီးက အသုံးပြုရန် လိုအပ်သောပစ္စည်းများကို ပြည်တွင်း/ပြည်ပမှ မှာယူခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပြီး ဆေးဌာနသည် ရထားလိုက်ဝန်ထမ်းများအား သတ်မှတ်ချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခြင်း၊ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရထားစီးခရီးသွားပြည်သူများ၏ အရေးပေါ် ရှေးဦးကုသမှုရရှိရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနက တွဲဖက်ထားသည့် ရထားရဲတပ်ဖွဲ့အနေဖြင့် ခရီးသည်နှင့် ကုန်စည်များ ဘေးအန္တရာယ်ကင်းစွာ လိုရာခရီးသို့ ရောက်ရှိရေးလုံခြုံမှုပေးခြင်း၊ ရထားပိုင်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး၊ ရထားနယ်မြေအတွင်း မှုခင်းများ မဖြစ်ပွားစေရေး ကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ ဆောင်ရွက်ပါသည်။

အလျဉ်းသင့်၍ ရထားတစ်စင်း ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးရှိ ဝန်ထမ်းများက ကိုယ်စီတာဝန်ယူ ဆောင်ရွက်ကြမှုများကို အကျဉ်းမျှ မိတ်ဆက်တင်ပြလိုပါသည်။ မီးရထားတစ်စင်းထွက်ခွာနိုင်ရန် ဆောင်ရွက်ရသော အဆင့်များစွာရှိပါသည်။ အဓိကကျသည့် ဌာနကြီးသုံးခုဖြစ်သော သွားလာ၊ စက်မှု၊ မြို့ပြဌာနများမှ ဝန်ထမ်းအသီးသီးတို့က ညီညွတ်စွာနှင့် ဟန်ချက်ညီညီဆောင်ရွက်ကြရပါသည်။ မိမိအဆင့်အလိုက်၊ လုပ်ငန်းတာဝန်အလိုက် လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် လိုပါသည်။

> **မြန်မာ့မီးရထားဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဌာနကြီးဖြစ်သည်နှင့်အညီ ကုန်စည်အများအပြားကို အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်ပေးနေခြင်းကြောင့် ပြည်သူများ၏ လူသုံးကုန်၊ စားသောက်ကုန်များ နေရာဒေသမခွဲခြားဘဲ များစွာကွာခြားမှုမရှိသည့်ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရေးကိုလည်း အထောက်အကူဖြစ်စေသည့်အပြင် နိုင်ငံတစ်ဝန်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထိုက်အလျောက်ပံ့ပိုးပေးလျက်ရှိ**

ဝန်ထမ်းအသီးသီးသည် သက်ဆိုင်ရာကိုယ်စီတာဝန်ကို ထမ်းဆောင်နိုင်ရန် ကနဦးအစတွင် ပညာရပ်ဆိုင်ရာသင်တန်းများကို အချိန်ကာလတစ်ခုအကြာ သင်ကြားလေ့ကျင့်ရခြင်း၊ လုပ်ငန်းခွင်အကြိုလေ့လာမှုများပြုလုပ်ရခြင်း၊ အတွေ့အကြုံပေါ် မူတည်၍ ဆင့်ကဲရာထူး တိုးမြှင့်ထမ်းဆောင်ရခြင်းများ ပြုလုပ်ရပါသည်။ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ရထားတစ်စင်းသည် ခရီးစဉ်အစ၊ အလယ်၊ အဆုံး ချောမောစွာပြေးဆွဲနိုင်ပြီး ခရီးသွား ပြည်သူများနှင့် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးကို ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

**ရထားတစ်စင်းထွက်ခွာနိုင်ရန် ဆောင်ရွက်ရသည့် လုပ်ငန်းဆောင်တာများ**

ရထားတစ်စင်းထွက်ခွာနိုင်ရေးအတွက် စက်မှုဌာနမှ ဝန်ထမ်းများသည် ရထားစက်ခေါင်းအား စက်ခေါင်းစက်ရုံသို့သွင်း၍ ကြံ့ခိုင်မှုများစစ်ဆေးခြင်း၊ ဆီဖြည့်ခြင်းများ ပြုလုပ်ရပါသည်။ စက်ခေါင်းတစ်ခေါင်းအား နေ့စဉ်စစ်ဆေးခြင်း၊ ခုတ်မောင်းချိန်နာရီအလိုက် စစ်ဆေးခြင်းနှင့် အကြီးတန်းပြုပြင်စစ်ဆေးခြင်း စသည်တို့ကို တာဝန်ယူပြုလုပ်ကြရပါသည်။ အလှည့်ကျ စက်ခေါင်းမောင်း (စက်ဗိုလ်)နှင့် လက်ထောက် စက်ခေါင်းမောင်း (မီးထိုး/ဆီလောင်း)တို့သည် ရထားမထွက်ခွာမီ မိနစ် ၄၀ အလိုတွင် စက်ခေါင်းရှိရာသို့ ရောက်ရှိပြီး လက်ခံမှုပြုလုပ်ရပါသည်။

အလားတူ တွဲပြင်ဌာနမှ တာဝန်ရှိသူများသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဌာနများက တောင်းခံထားသည့် တွဲအမျိုးအစားနှင့် အရေအတွက်များအတိုင်း တွဲစီယာဒ်ဝင်းအတွင်း တွဲဆိုင်းဖွဲ့ဆင်မှုကို ကြိုတင်ဆောင်ရွက်ရပြီး တွဲသန့်ရှင်းရေးပြုလုပ်ခြင်း၊ တွဲအောက်ပိုင်းကြံ့ခိုင်ရေးစစ်ဆေးခြင်းများပြုလုပ်ကာ ရထားထွက်ခွာမည့် အချိန်မတိုင်မီ တစ်နာရီခန့်အလိုတွင် တွဲရှေ့စက်ခေါင်းနှင့် ချိတ်ဆက်၍ ဘူတာအတွင်း ပြေးလမ်းပေါ်သို့ ပို့ဆောင်ပေးထားရပါသည်။ ထိုသို့ပြင်ဆင်ထားသည့် တွဲဆိုင်းကို အသင့်ပြင်ဆင်ထားသည့် စက်ခေါင်းမှ လာရောက်ချိတ်ဆက်ဆောင်ရွက်ရပါသည်။

ဘူတာတွင် ထွက်ခွာရန် ပြင်ဆင်ထားသော ရထားအား စက်ဗိုလ် (စက်ခေါင်းမောင်း)နှင့် ဂတ်ဗိုလ်(ရထားထိန်း)တို့ပူးပေါင်းပြီး တွဲဆိုင်းကို စစ်ဆေးခြင်း၊ လေဘရိတ် (သို့မဟုတ်) လေဟာဘရိတ် စသည်ဖြင့် ပါဝါရရှိမှုတို့ကို စစ်ဆေးကာ ရထားထွက်ခွာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရပါသည်။ အားလုံးပြည့်စုံပြီးနောက် သတ်မှတ်အချိန်တွင် ခရီးသည်များအား ဝင်ခွင့်ပေးပြီး နေရာယူစေပါသည်။ သွားလာရေးဌာနမှ ရုံပိုင်သည် ရထားမထွက်ခွာမီ ပထမဦးဆုံး ဆိုက်ရောက်မည့်ဘူတာသို့ ရထားအား လက်ခံနိုင်ခြင်း ရှိ/ မရှိမေးမြန်း၍ လမ်းရှင်းတောင်းခံပြီး ရထားအား သတ်မှတ်အချိန် ထွက်ခွာနိုင်ရန် ဆောင်ရွက်ကြရပါသည်။

မြို့ပြဌာနမှ ဇာဝီလှည့်(လမ်းလျှောက်) ဝန်ထမ်းများသည် ယင်းအား သတ်မှတ်တာဝန်ပေးထားသည့် လေးမိုင်ရှိသော ရထားလမ်းပိုင်းကို သံလမ်း၊ ဇလီဖား၊ လမ်းခင်းကျောက်များ ပုံမှန်ဖြစ်/ မဖြစ်၊ သံလမ်းထိန်းကလစ်များ ပြည့်စုံမှု ရှိ/မရှိ၊ သံလမ်းကြံ့ခိုင်မှု တစ်စုံတစ်ရာလျော့နည်းနေခြင်း ရှိ/မရှိတို့ကို နေ့စဉ်နံနက်စောစောတွင် အသွားအပြန် စစ်ဆေးမှုပြုလုပ်ရပါသည်။ လမ်းပိုင်းအလိုက် တာဝန်ကျ အငယ်တန်းအင်ဂျင်နီယာ(သံလမ်း)များသည် ရထားလမ်းနှင့်တံတားများ၏ ကြံ့ခိုင်မှုအနေအထားပေါ် မူတည်၍ ဖြတ်သန်းခွင့်ပြု/မပြုနှင့် ဖြတ်သန်းသင့်သောမိုင်နှုန်းများ စိစစ်သတ်မှတ်ပေးရပါသည်။

ရထားမောင်းနှင် ထွက်ခွာနေစဉ်အတွင်းမှာလည်း သွားလာပို့ဆောင်ရေးဌာန၏ ရထားကြီးကြပ်ရေးရုံးများက သက်ဆိုင်ရာ နယ်မြေအလိုက် ရထားသွားလာမှုများကို တိုက်ရိုက်ကြီးကြပ်စောင့်ကြည့်ပြီး မှတ်တမ်းတင်ခြင်း၊ ရထားလမ်းတစ်ခုတည်းပေါ်တွင် ပြေးဆွဲနေသော ရထားတစ်စင်းနှင့်တစ်စင်း ဘူတာများ၌ ဆုံခြင်း၊ ကျော်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ သတ်မှတ်ရထားအချိန်ဇယားများအတိုင်း မှန်ကန်စေရန် ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။

ရထားတစ်စင်းပြေးဆွဲမှုအတွက် ဌာနအလိုက် အသီးသီးတာဝန်ယူ ဆောင်ရွက်ကြရသကဲ့သို့ ဝန်ထမ်းများ တစ်ဦးချင်းတစ်ယောက်ချင်းတိုင်းက ကျွမ်းကျင်မှုရှိစွာနှင့်တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးမှာလည်း အထူးအရေးပါလှပါသည်။ ခရီးသည်များ၏ အသက်အန္တရာယ်ဘေးကင်းစွာဖြင့် လိုရာခရီးကို သတ်မှတ်ချိန်အမီ ရောက်ရှိနိုင်ရေးအတွက် ဂိတ်စောင့်၊ လမ်းခွဲကိုင်၊ လမ်းလျှောက်၊ တွဲစစ်၊ တွဲထိန်းအစရှိသော ဝန်ထမ်းများသည် ရာထူးပင်ငယ်လင့်ကစား အရေးကြီးတာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်ကြပါသည်။

ယင်းတို့၏တာဝန်ဝတ္တရားများကို ပေါ့လျော့မှားယွင်းစွာ လုပ်ကိုင်မိလျှင် ရထားမတော်တဆမှုများကြောင့် ခရီးသည်များနှင့် ဌာနပိုင်ပစ္စည်းများ ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိပါသည်။ ရထားတစ်စင်း ပြေးဆွဲရန်အတွက် ယခုတင်ပြခဲ့သည့် လုပ်ဆောင်မှုများစွာရှိနေလေရာ ရထားအရေအတွက် များပြားလာသည်နှင့်အမျှ လူအင်အား၊ လုပ်ဆောင်မှု များစွာဖြင့် ဆောင်ရွက်ရမည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ ရထားတစ်စင်းပြေးဆွဲနိုင်ရေးအတွက် ဌာနအသီးသီးမှ ဝန်ထမ်းအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ခွဲရှိရှိဖြင့် အပင်ပန်းဆင်းရဲခံနိုင်မှု စသည့် မီးရထားဝန်ထမ်းစိတ်ဓာတ်ကောင်းများဖြင့် ဆောင်ရွက်မှုများမှာ အထူးအရေးပါလှပါသည်။

**နိုင်ငံတော်အစိုးရ၏ လုပ်ငန်းလမ်းညွှန်မှုများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ညှိနှိုင်းအစည်းအဝေးများတွင် လည်းကောင်း၊ တာဝန်ရှိသူများအားလည်းကောင်း မကြာခဏတွေ့ဆုံလမ်းညွှန်မှုများ ပေးလျက်ရှိပါသည်။ မြန်မာ့မီးရထား၏ စက်ရုံများ၊ ဘူတာကြီးများ၊ ရထားလမ်းစီမံကိန်းနယ်မြေများသို့ နိုင်ငံတော်အကြီးအကဲသည် ခုနစ်ကြိမ်တိုင်တိုင် ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါခရီးစဉ်များတွင် ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာ၍ ရေရှည်အတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ရန်၊ ရထားစက်ခေါင်းနှင့် တွဲများပြုပြင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း၊ ရထားလမ်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကထားအသုံးပြု၍ နည်းပညာများ တိုးတက်အောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့်တွဲများတည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ပြည်ပမှဝယ်ယူနေမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများလေ့လာပြီး ကြိုးပမ်းဆောင်ရွက်သွားရန် စသည့် လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခဲ့သည့်အပြင် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့မီးရထားဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဌာနကြီးဖြစ်သည်နှင့်အညီ ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက်သာမက နိုင်ငံနှင့်တစ်ဝန်း မြေပြန့်၊ တောင်တန်း၊ တစ်ဒေသနှင့် တစ်ဒေသ သွားလာကူးလူးဆက်ဆံမှုကို အထောက်အပံ့ဖြစ်စေပါသည်။ ထို့ပြင် တစ်ချိန်တည်းတွင် ကုန်စည်အများအပြားကို အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်ပေးနေခြင်းကြောင့် ပြည်သူများ၏ လူသုံးကုန်၊ စားသောက်ကုန်များ နေရာဒေသမခွဲခြားဘဲ များစွာကွာခြားမှုမရှိသည့် ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရေးကိုလည်း အထောက်အကူဖြစ်စေသည့်အပြင် နိုင်ငံတစ်ဝန်း ကုန်ဈေးနှုန်း တည်ငြိမ်မှုကို အထိုက်အလျောက် ပံ့ပိုးပေးလျက်ရှိပါသည်။

ထို့ကြောင့် အနာဂတ်ကာလများတွင်လည်း ခရီးသွားပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ခေတ်စနစ်နှင့်အညီ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်ပြည်တစ်ခွင် ရထားဥဩသံ ညံစေချင်သည့် စိတ်စေတနာကောင်းဖြင့် ရထားဝန်ထမ်းအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ စဉ်ဆက်မပြတ် အပတ်တကုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် မိဘပြည်သူအပေါင်းကလည်း ရထားမတော်တဆမှု မဖြစ်ပွားစေရေးနှင့် ရထားလမ်းကွန်ရက်တစ်လျှောက်ရှိ ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ အချက်ပြဆက်သွယ်ရေးနှင့် လျှပ်စစ်ပစ္စည်းများ၊ စက်ခေါင်းနှင့်တွဲများ၊ ဘူတာရုံအဆောက်အအုံများအစရှိသည့် အများပြည်သူပိုင် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ မပေါ်ပေါက်စေရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါရန်လည်း လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ။

## အင်ဒိုနီးရှားနိုင်ငံ၌ လေထုညစ်ညမ်းမှုကာကွယ်ရေးစနစ်တပ်ဆင်ခြင်းမရှိသည့် စက်ရုံများအားအရေးယူမည်



ဂျကာတာ ဩဂုတ် ၃၁

အင်ဒိုနီးရှားနိုင်ငံ၌ လေထုညစ်ညမ်းမှု ကာကွယ်ရေးစနစ်ပြည့်စုံစွာ တပ်ဆင်သုံးစွဲခြင်းမရှိသည့် စက်ရုံများအား အရေးယူမှုများဆောင်ရွက်မည် ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

**ထပ်လောင်းပြောကြား**

မြို့တော်ဂျကာတာတွင် လေထုအရည်အသွေး လျော့ကျခဲ့ပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ လေထုညစ်ညမ်းမှုကာကွယ်ရေးစနစ် တပ်ဆင်ခြင်းမပြုသည့် စက်ရုံများအား ပိတ်ပစ်သည်အထိ အရေးယူသွားမည်ဖြစ်ပြီး ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးပြဿနာများဖြစ်လာပါက ပေးဆပ်ရမည့် တန်ဖိုးကြီးမားသောကြောင့် ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

လေထုညစ်ညမ်းမှုလျော့ကျလာစေရေးအတွက် လျှပ်စစ်ကားများကို သုံးစွဲရေးတာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းကဲ့သို့သော လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် အကြီးတန်းဝန်ကြီး လူဟွတ်ဘင်ဆာပန်ဂျေတန်အား သမ္မတဝီဒိုဒိုက တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် မကြာသေးမီက လေထုညစ်ညမ်းစေရန် ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ ၁၁ ခုကိုလည်း အရေးယူခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



## တရုတ်နိုင်ငံ၌ တတိယအကြိမ်မြောက်ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ် ကျင်းပမည်

ပေကျင်း ဩဂုတ် ၃၁

တရုတ်နိုင်ငံသည် တတိယအကြိမ်မြောက်ရပ်ဝန်းနှင့်ပိုးလမ်းမဖိုရမ်ကိုပေကျင်းမြို့တွင် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝန်ဘင်းက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးကို မြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစကြံ့တည်ဆောက်ခြင်းအပါအဝင် နိုင်ငံစုံအကျိုးစီးပွားကို ရည်ရွယ်သည့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

၂၀၂၃ ခုနှစ်သည် တရုတ်နိုင်ငံက အဆိုပြုခဲ့သည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆောင်ရွက်ခြင်း (၁၀)နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်သည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့နိုင်ငံသားများအတွက် ထုတ်ကုန်များကို ထုတ်လုပ်ခဲ့ပြီး နိုင်ငံတကာက ကြိုဆိုသည့် ပူးပေါင်းဆောင်ရွက်ရေးစကြံ့ဖြစ်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ်အတွင်း အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံကျော်တန်ဖိုးရှိ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံပေါင်း ၁၅၀ ကျော်နှင့် နိုင်ငံတကာ အဖွဲ့အစည်း ၉၀ ကျော်မှ ကိုယ်စားလှယ် ၅၀၀၀ ခန့် တက်ရောက်ခဲ့သည်။ **ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## ဂျပန်နိုင်ငံ၌ မွေးဖွားသည့် ကလေးအရေအတွက် ဆက်လက်လျော့ကျလျက်ရှိ

တိုကျို ဩဂုတ် ၃၁

ဂျပန်နိုင်ငံ၌ မွေးဖွားသည့် ကလေးအရေအတွက် ဆက်လက်လျော့ကျလျက်ရှိပြီး ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ နိုင်ငံခြားသားများအပါအဝင် ကလေး ၃၇၁၀၅၂ ဦး မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါအရေအတွက်သည် ယမန်နှစ် အလားတူကာလထက် ၁၃၈၉၀ ၃ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

ထို့ပြင် အဆိုပါကိန်းဂဏန်းသည် နှစ်နှစ်ဆက်တိုက် ၄၀၀၀၀၀ အောက်တွင် ရောက်ရှိလျက်ရှိပြီး ၂၀၀၀ ပြည့်နှစ်မှစပြီး ကလေးမွေးဖွားမှုအရေအတွက် အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။

အလားတူ လက်ထပ်ထိမ်းမြားမှု အရေအတွက်သည် ၂၄၆၃၃၂ ၇ ဒသမ ၃ ရာခိုင်နှုန်း အထိ လျော့ကျသွားကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကလေး ၇၇၀၇၄၇ ဦး မွေးဖွားခဲ့ပြီး ကလေးမွေးဖွားမှုမှတ်တမ်းထိန်းသိမ်းမှု စတင်သည့် ၁၈၉၉ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ၈၀၀၀၀၀ အောက် ကျဆင်းခဲ့သည်။

လက်ရှိနှုန်းထားအရ အရေအတွက်သည် ယခုနှစ်တွင် ပိုမိုကျဆင်းနိုင်သည်။

ယင်းသို့ ကလေးမွေးဖွားမှုနှုန်း လျော့ကျလာခြင်း၏ အဓိကအချက်မှာ တစ်ကိုယ်တည်းနေထိုင်သူ သို့မဟုတ် အိမ်ထောင်မကျသေးသူဦးရေ တိုးလာခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းများအဖြစ်ပြောင်းလဲရာတွင် အရင်းအမြစ်အကန့်အသတ်ရှိနေ

ဟနွိုင်း ဩဂုတ် ၃၁

ဗီယက်နမ်နိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်အပါအဝင် အရင်းအမြစ်များအကန့်အသတ်ရှိနေသဖြင့် ၎င်းလုပ်ငန်းများအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းများအဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နှောင့်နှေးမှုများရှိနေကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက သတင်းရေးသားဖော်ပြသည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများအဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပုံစံဝင်စေရေး ဆောင်ရွက်ရာတွင် ၎င်းစီးပွားရေးလုပ်ငန်းများ၏ ၉၈ ရာခိုင်နှုန်းမှာ အခက်အခဲများရှိကြောင်း ဗီယက်နမ်နိုင်ငံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ ပြုလုပ်သည့် ဆန်းစစ်ချက်အရသိရသည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွင် ရှေ့ဆောင်လုပ်ကိုင်သူများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အများပိုင်ကုမ္ပဏီများနှင့် ပို့ကုန်လုပ်ငန်းများဖြစ်ကြပြီး ယခုကဲ့သို့လုပ်ကိုင်နိုင်ခြင်းမှာလည်း ၎င်းတို့တွင် အရင်းအမြစ်များရှိနေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

ပြည်တွင်းရှိ MSME အများစုသည် သဘာဝပတ်ဝန်းကျင်လူမှုတာဝန်ယူမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများ အသိပညာနည်းပါးနေသေးကြောင်း ဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီမှ တာဝန်ရှိသူ Hoang Minh Chien ၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းစာက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးမတိုင်မီ မြို့တော်နယူးဒေလီအတွင်း မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများ တားမြစ်ပိတ်ပင်

နယူးဒေလီ ဩဂုတ် ၃၁

အိန္ဒိယနိုင်ငံ၌ လာမည့်လတွင် ကျင်းပမည့် ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ ၂၀) ထိပ်သီးအစည်းအဝေးမတိုင်မီမြို့တော်နယူးဒေလီအတွင်း မောင်းသူမဲ့လေယာဉ်များနှင့် မိုးပျံပူဖောင်းများအပါအဝင် အခြားသော သမားရိုးကျလေကြောင်းပျံသန်းခြင်းတို့ကို တားမြစ်ပိတ်ပင်ထားကြောင်း တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါတားမြစ်ပိတ်ပင်မှုသည် စက်တင်ဘာ ၁၂ ရက်အထိ အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။ အများပြည်သူဆိုင်ရာ လမ်းကြောင်းများကို စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ကန့်သတ် ပိတ်ပင်ထားပြီး မြို့တွင်းရှိ လမ်းအများအပြားကို အိန္ဒိယအာဏာပိုင်များက ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အကြံပြုချက် ထုတ်ပြန်ထားပြီးဖြစ်သည်။

နယူးဒေလီမြို့တော်အတွင်း နေထိုင်သူများကို လွတ်လပ်စွာ သွားလာခွင့်ပြုမည်ဖြစ်သော်လည်း အခြားခရိုင်များမှ လာရောက်သူများသည် နယူးဒေလီမြို့တော်သို့ ဝင်ရောက်ရန်အတွက် ဟိုတယ်နာမည်စာရင်းပေးထားသည့် အထောက်အထားများကို ပြသရမည်ဖြစ်သည်။




ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ ၂၀) ထိပ်သီးအစည်းအဝေးသည် ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံကြီးများ၏ အစိုးရများအကြား ဆွေးနွေးပွဲ တစ်ခုဖြစ်သည်။

ထို့ပြင် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ထိပ်တန်းဖိုရမ်တစ်ခုဖြစ်ပြီး အဓိကကျသောနိုင်ငံတကာစီးပွားရေး ကိစ္စရပ်အားလုံးနှင့် ပတ်သက်ပြီး ပိုမိုခိုင်မာမှုရှိစေရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့လယ်ရှိ စီးပွားရေးအဆောက်အအုံတစ်ခု မီးလောင်၊ ၇၃ ဦး သေဆုံး

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၃၁

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့လယ်ရှိ စီးပွားရေးအဆောက်အအုံတစ်ခု မီးလောင်ခဲ့ရာ ၇၃ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ဩဂုတ် ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၃၀ တွင် ဂျိုဟန်နစ္စဘတ်မြို့လယ်ကောင်ရှိ စီးပွားရေးအဆောက်အအုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက်မှာ ၇၃ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၅၂ ဦးရှိကြောင်း အရေးပေါ်စီမံခန့်ခွဲမှုဝန်ဆောင်မှုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်မူလောင်ဇီက ပြောကြားသည်။

သေဆုံးသူများအနက် ကလေးငယ် ခုနစ်ဦး ရှိကြောင်း ၎င်းကဆိုသည်။ မီးလောင်ပျက်စီးသွားသည့် အဆောက်အအုံအတွင်းရှိ အခန်းအချို့ကို ဝင်ရောက်ရန် ကြိုးပမ်းနေရကြောင်း ရောဘတ်မူလောင်ဇီက ပြောကြားသည်။ အဆောက်အအုံအတွင်းရှိ ပျဉ်ပြားများကဲ့သို့ မီးလောင်လွယ်သည့်ပစ္စည်းများကြောင့် မီးကူးစက်မှု လျင်မြန်စွာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးနောက် မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို သိရှိနိုင်ရန် အရေးပေါ်စီမံခန့်ခွဲမှုဝန်ဆောင်မှုဌာနက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Pascual Yogikids ၄၈ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကော့ကရိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli အထုပ် ၇၇၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၆၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ သာစည်လမ်း၌ တရားမဝင် သယ်ဆောင်လာသည့် စက်သုံးဆီ(ဒီဇယ်ဆီ) ဂါလန် ၄၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပဲခူးလမ်းမကြီး အမှတ်(၂)လမ်းခွဲအနီး၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Valence Adhesive ၂၈၈ ခု အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၆၂၅၇၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲခူးမြို့ရှောင်လမ်းမပေါ်၌ မူဆယ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် TECNO Back Bag အခု ၃၅၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၂၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၉၀၀၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၈ ရက်တွင် နဘူး-မြပတိုင်ကျေးရွာချင်းဆက်လမ်းပေါ်မှ ကော့ကရိတ်-မြဝတီလမ်းမပေါ်သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ် (၉ ဒသမ ၇၅၄)တန် အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၇၉၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Smart Softener အထုပ် ၆၄၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၁၂၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်သစ် (၁ ဒသမ ၉၃၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၅ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၅၁၉၆၄၆)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သပိတ်ကျင်းနှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

သပိတ်ကျင်းနှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ဖော့တောကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လှိုင်မိုးဝင်း မောင်းနှင်ပြီး နိုင်လင်းဦး၊ အောင်စိုးလင်းနှင့် ကျော်ဇင်ထွန်းတို့ လိုက်ပါလာသည့် PAJERO အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၁ ကီလိုကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ ရပ်ကွက်(၅)နေ ကျော်ရင်(ခ) အားဝမ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မခေါင်ညွယ်(ခ) ဘောက်နူးပန်အား တွေ့ရှိပြီး စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁ ဒသမ ၃ ကီလို၊ Happy Water သုည ဒသမ ၀၇ ကီလို၊ Ecstasy ဆေးပြား ၅၅၀ နှင့် Happy 5 ဆေးပြား ၄၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



နိုင်လင်းဦး၊ အောင်စိုးလင်း၊ လှိုင်မိုးဝင်းနှင့် ကျော်ဇင်ထွန်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

■

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ်၊ ဇော်ဂျီသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လုပစ္စာပုံဖော်ထုဆစ်ထားသလ္လာမြေမှ သဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လှုမှုစီးပွားသတင်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ချွန်တွန်းနှင့် အဖိနှိပ်ဗရအပေါင်းဆိုင်'** (အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ဈာခရီး'** (အပိုင်း-၈)
- ၁၄:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ဝန်းရန့်လွင့်ပျံ့အမှုန်း'** (အပိုင်း-၉)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဗုဒ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ဩဂုတ်လ) (ပထမပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ချွန်တွန်းနှင့် အဖိနှိပ်ဗရအပေါင်းဆိုင်'** (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "Music Travellers-5" တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Don Min Artist
- 07:29 Faith & Worship (Part-1)
- 07:48 Pork - Tha Khut Curry
- 08:01 News
- 08:26 Attractive New Destinations of Bagan
- 08:49 Myanmar Childhood Games (Episode-1)
- 09:01 Archery Session (from Ramayana Play)
- 09:23 Bottle Gourd Painting
- 09:28 Halin, A Treasure Trove Of The Ancient Pyu City
- 10:01 News
- 10:27 Topical Topics (No. 39) Take Lessons From the Loss to Win the Victory

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ခရုဟင်းမွှန်ချက်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
နည်းပညာနှင့်သုတကမ္ဘာ(စက်ဘီးတီထွင်သူများ)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထူးဆန်းပွေ့ရှာ ရှမ်းဓလေ့ရိုးရာ (အင်းလေးဒေသ နွေစပါးရိတ်သိမ်းခြင်း)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
'ဝ' ရိုးရာတူရိယာဆိုင်ရာ အခေါ်အဝေါ်များ

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ခဲ့ရိုးရာ ခေါင်းပေါင်းပေါင်းနည်း

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ရင်ထဲကရိုးရာ(ဇာတ်လမ်းတို)

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဝိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဝိတ္ထိလာကန်သို့ အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ဘုရားအတွက် ဘဝကိုဆက်ကပ်ထားသူ တေးသံရှင် ဝန်ဒုထန်း

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး) တို့၏ ရှေးရိုးရာလေးဖေဒင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ SPORTS MAX
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ဩဂုတ်လ) (အပိုင်း-၁)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အငွေ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅)
- ၁၈:၀၀ Economic Review (အပိုင်း-၁၇) (MPU အကြောင်းသိကောင်းစရာ)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၅ ပူးပေါင်းဆောင်ရွက်မှုများမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- ၀၆:၄၅ ဖြစ်ထွန်းအောင်မြင် ဒန့်သလွန်ပင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ မီးအိမ်(ဇာတ်လမ်း)
- ၂၂:၀၀ A visit to Wambugu Apples farmer in Kilimambogo
- ၂၃:၀၀ City of the Future: Singapore-Full Episode | National Geographic
- ၂၃:၃၀ Modern Agriculture Machines Harvesting Tons of Fennel, Red Cabbage, Green Onion, Broccoli

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၀ Sport Diary
- ၀၇:၄၀ Soccer View
- ၀၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၄၀ ဝုဏ်ယူဝင့်ကြွား ဆီးဂိမ်းစ်ဆုတံဆိပ်ရှင်များ

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



လားရှိုး ဩဂုတ် ၃၁

၂၀၂၃ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းဒေသကြီး ဦးစီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး မီတာ ၁၀၀နှင့် လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ လုံတံပစ် အမျိုးသား အမျိုးသမီး၊ မီတာ ၈၀၀ အမျိုးသား အမျိုးသမီး၊ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် အမျိုးသား၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး၊ မီတာ ၁၀၀ အမျိုးသား အမျိုးသမီး၊ မီတာ ၄၀၀ x ၄ အမျိုးသား အမျိုးသမီး၊ မီတာ ၂၀၀ အမျိုးသား အမျိုးသမီး၊ လမ်းလျှောက် အမျိုးသား အမျိုးသမီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းဒေသကြီးဦးစီးချုပ် ကလည်းကောင်း၊ မီတာ ၁၅၀၀ အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ၊ မီတာ ၁၀၀၀၀ အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် တံခွန်စိုက်ဆုရ အမျိုးသား ကျောက်မဲခရိုင်အသင်း၊ အမျိုးသမီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဓနုအသင်း၊ စုပေါင်းတံခွန်စိုက်ဆုရ ဓနုအသင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့၊ အကဲဖြတ်ဒိုင်အဖွဲ့၊ လားရှိုး အားကစားနှင့် ကာယပညာဦးစီးဌာနတို့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်၏ E-Market Place for Myanmar Products Platform ဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ E-Market Place for Myanmar Products Platform တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၃ ရက်တွင် ဒက္ခိဏသီရိမြို့နယ် Grand Amara Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်း၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးခိုင်၊ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် MSMEအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ Cyber King Co.,Ltd.၊ UAB ဘဏ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ MSME ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်များ၊ ပြည်တွင်း MSME ထုတ်ကုန်များနှင့် စက်မှုဇုန်များအတွင်းရှိ ထုတ်ကုန်များ ဈေးကွက်ပိုမိုတိုးတက်ရရှိလာစေရေးနှင့် ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးစနစ်တွင် လိုက်ပါဆောင်ရွက်ကာ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် E-Market Place For Myanmar Products Platform နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME အေဂျင်စီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များ သိရှိနိုင်စေရန် ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်းနှင့်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် MSME လုပ်ငန်းများတွင် အင်တာနက်ကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့၏ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ထုတ်ကုန်များကို လူမှုကွန်ရက်များ၊ E-Market Platform များမှတစ်ဆင့် ကြော်ငြာမှုများပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်းနှင့် ငွေပေးချေမှုများတွင် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက E-Market Platform စတင်ဖြစ်ပေါ်လာပုံနှင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အိရွှေစင်ထွန်းက E-Market Platformနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုလည်းကောင်း၊ Cyber King Co.,Ltd.မှ Web Developerနှင့် သက်ဆိုင်သည့်ကိစ္စများကိုလည်းကောင်း၊ UAB ဘဏ်မှ တာဝန်ရှိသူက ဘဏ်လုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Thu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကပ်ခိုကျေးရွာနေ ကျော်သူလင်း(ခ) အညာသားအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဆကာကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခန္တီးခရိုင်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ခန္တီး ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဆင်သေကျေးရွာအုပ်စု၊ နန်မုံကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် တာဝန်ခံအင်ဂျင်နီယာများက နန်မုံကျေးရွာ၌ အကျယ် ၄ပေ၊ အနက်ပေ ၅၀ ရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကျေးရွာမှ လက်ရှိရေသုံးစွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅၃ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာများပူးပေါင်းကာ ၂၀၂၂ခုနှစ် မေလ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၃ အိမ်၊ လူဦးရေ ၁၅၉ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**စစ်တွေ ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်း ကူညီဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များအား စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း၌ တွေ့ဆုံကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်း များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလ တာဝန်များကို ပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များအား ရေချမ်းပြင်ဆိပ်ကမ်း၌တွေ့ဆုံကာ ဂုဏ်ပြု အားပေးစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ပြည်နယ်သဘာဝဘေးပြန်လည်ထူထောင် ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ ကော်မတီအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်း၌ MV CHARITY သင်္ဘောပေါ်မှ ဆန်အိတ် များတင်ချနေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ကမ်း၌ MYIT KYI NA သင်္ဘောပေါ်မှ ဆန်အိတ် များနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက် နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရ သည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာ သဘာဝမြေသြဇာထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန သမဝါယမဦးစီး ဌာန သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း အာရ်စီနှစ်ထပ် စာသင်ဆောင် ပန္နက်တင်အခမ်း အနားကို ယမန်နေ့ နံနက်ပိုင်းတွင် မကွေးမြို့ရှိ အဆိုပါ သက်မွေး ပညာသင်တန်းကျောင်း၌ ကျင်းပ ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်၍ ပန္နက် ရိုက်ပေးကြသည်။




ထို့နောက် ဒုတိယဝန်ကြီး သည် တာဝန်ရှိသူများနှင့်အတူ ဆင်ပေါင်ဝဲမြို့နယ် ချောင်း ကောက်ကျေးရွာ၌ အောင်ကောင်း မြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အမှုဆောင် များ၊ အသင်းသူ အသင်းသားများ နှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင် ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေ သော စီမံကိန်းလုပ်ငန်းဆိုင်ရာ များ၊ စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းများ ဖွဲ့စည်း ဆောင်ရွက်နေမှုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန က ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး သဘာဝ မြေသြဇာထုတ်လုပ်ရေး လုပ်ငန်း ကို အောင်မြင်အောင် ဆောင်ရွက် ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီး သည် အသင်းသား ဦးအေးနိုင်၏ မွေးမြူရေးခြံတွင် နွား ၃၆ ကောင် မွေးမြူထားမှုကို ကြည့်ရှု စစ်ဆေးပြီး နွားစာမြက်များ စိုက်ပျိုးရေးနှင့် မျိုးစပ်ရေးဆိုင်ရာ များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့သော စိုက်ပျိုးမြေ ဧက ၂၀၀ အား အကျိုးပြုသည့် ၁၃၇ ကီလိုဝပ် ဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှု အားပေးပြီး တောင်သူများနှင့် တွေ့ဆုံ၍ ပိုမိုထွက်ရှိသည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ စမ်းသပ် စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေး သမဝါယမအသင်း များဖွဲ့စည်း၍ နိုင်ငံ့စီးပွားမြှင့်တင် ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေ သည့် စိုက်ပျိုးရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့သစ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မိုးကောင်း- မြို့လုလင် မြေသားလမ်းလေးမိုင် ဖောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ဆူးတက်ကြီးကျေးရွာ အုပ်စုရှိ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ အထွက်တိုးစပါးမျိုးများ ဖြင့် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၀ | ၂၃၀၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၈၀ | ၃၃၁၅ |
| 95 Ron | ၂၃၇၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၃၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၂၆ |
| 95 Ron | ၂၂၅၇ | ၂၃၃၅ |
| HSD (500 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (50 ppm) | ၂၃၇၁ | ၂၄၄၈ |
| HSD (10 ppm) | ၂၃၇၁ | ၂၄၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၈၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၈၈၂) ခုအား စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃)ဦး တွေ့ရှိ ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း မှာ (၀.၀၈) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**



# တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### သဝဏ်လွှာဖတ်ကြား

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံမှပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှုအဖွဲ့ဝင် ဦးစောအော်ဂတ်စတင်က ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူမင်္ဂလာဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကရင်တိုင်းရင်းသား ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကျောင်းသားကျောင်းသူများ၏ ကရင်ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ပျော်ရွှင်စွာ တီးမှုတ်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂-၉-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၃၅)တွင်** ဘုရင်ကြီးက သူသိလိုသော မေးခွန်းသုံးခုကို ရသေ့ကြီးအား မေးမြန်းထားသည့်အကြောင်း တင်ဆက်ထားသည့် "သုံးသွယ်မေးခွန်း" မျက်နှာဖုံးဇာတ်လမ်း၊ သူတစ်ပါးကို ကူညီပေးလျှင် ကိုယ့်အကျိုးပါ ပြည့်စုံသွားနိုင်သည့်အကြောင်း တင်ဆက်ထားသည့် "ဖြိုးရဲ-ကူညီတတ်ကြပါ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများကို သစ်သီးများကျွေးချင်သော မျောက်ညိုနှင့် ယုန်လေးဖြူဖွေးတို့၏ ဉာဏ်ကောင်းပုံအကြောင်း တင်ဆက်ထားသည့် "ဉာဏ်ရှိတဲ့မျောက်ညို" တစ်မျက်နှာကာတွန်း၊ ဘုရင်ကြီးသည် ပညာရှိအပေါင်းတို့ကို စမ်းသပ်ရာတွင် ဖြတ်ထိုးဉာဏ်ဖြင့် ဖြေဆိုနိုင်သည့် ပညာရှိအမတ်ကြီးအကြောင်း တင်ဆက်ထားသည့် "ပညာရှိအမတ်ကြီး၏ဖြတ်ထိုးဉာဏ်" နှစ်မျက်နှာကာတွန်း၊ ငါးဖမ်းသည့်အလုပ်ကို မလုပ်တော့ဘဲ စိုက်ပျိုးရေးအလုပ်ကို လုပ်ကိုင်သည့် ချက်ကြီး အကြောင်း ရေးသားထားသည့် "လမ်းမှန်" နှစ်မျက်နှာကာတွန်း၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကို ပြုပြင်ထိန်းသိမ်းပေးရုံသာမက တောတောင်ရေမြေကို စိမ်းလန်းစိုပြည်စေပြီး ကုသိုလ်ပါရရှိမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်"




မျက်နှာဝက် ကာတွန်းအင်္ဂလိပ်စာသင်ခန်းစာအနေဖြင့် Question Tags များကို လေ့ကျင့်ခန်းများနှင့်တကွ လေ့လာနိုင်မည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" ကဏ္ဍ၊ သုတကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

### ❂ မြန်မာ ယူ-၂၃ မှ

သွားရောက်ကစားနေသည့် ဟိန်းထက်အောင်လည်း ပါဝင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းတွင်မူ မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၃ အသင်းသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံခြားသားကစားသမားများလည်း ပါဝင်ကစားခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ပြည်တွင်းလိဂ်ပြိုင်ပွဲအပြင် စက်တင်ဘာလအတွင်း စတင်ယှဉ်ပြိုင်ရမည့် AFC Cup ပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ တာချီလိတ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေး

တာချီလိတ် ဩဂုတ် ၃၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အဆိုပါကော်မတီရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းသိန်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးဘမိုးမြင့်က ခရိုင်/မြို့နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ လူမှုကရုဏာလုပ်ငန်းဆောင်ရွက်နေမှု၊ ခရိုင်/မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဖွဲ့စည်းပုံနှင့် အင်အားအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ဒုတိယအတွင်းရေးမှူး ဒေါက်တာညိုညိုဝင့်နှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းဝေတို့က မြို့နယ်အလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က တာချီလိတ်ခရိုင်အတွင်းရှိကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအမှတ်အသားပါ စပို့ရှပ်အင်္ကျီအထည် ၃၀ ကို ပေးအပ်ရာ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## သံတွဲမြို့ အထက(၂)၌ လူငယ်စကားဝိုင်း ကျင်းပ

သံတွဲ ဩဂုတ် ၃၁

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့်နည်းပညာ" လူငယ်စကားဝိုင်းကို ယမန်နေ့က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်မြတ်မြတ်မွန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်သိမ့်သိမ့်စိုးက ဦးဆောင်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းမှ စက်မှုကျောင်းသား မောင်ကိုဇင်မင်းနှင့် မလင်းသူခိုင်တို့က လူငယ်နှင့်နည်းပညာဆိုင်ရာများဖြစ်သည့် " AI " နည်းပညာအကြောင်း သိကောင်းစရာများ၊ စိုက်ပျိုးရေးကျောင်းသား မောင်အောင်ဇင်ဖြိုးက "စိုက်ပျိုးရေးနည်းပညာ" ဆိုင်ရာ သိကောင်းစရာများနှင့် မွေးမြူရေးကျောင်းသူ မရွှန်းလဲ့ဝေက မွေးမြူရေးနည်းပညာဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် စာအုပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

### ❍ ကျောဖုံးမှ

လိဂ်ဝမ်းကလပ်လင်းကွန်းအသင်းကတော့ ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပြီး ဆဲလ်ဖို့ဒ်စီးတီးအသင်းကလည်း ဘန်လေအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာ ဖြစ်ပါတယ်။

ကာရာဘောင်ဖလား ဒုတိယအဆင့်ပွဲစဉ်မှာ စပါးအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ဖူလ်ဟမ်အသင်းကတော့ ချန်ပီယံရှစ်ကလပ် နော့ဝှစ်ချ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ကာရာဘောင်ဖလားကို ကိုးကြိမ်အထိ ဆွတ်ခူးထားတဲ့ လီဗာပူးအသင်းကတော့ လက်စတာစီးတီးနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ ကာရာဘောင်ဖလား တတိယအဆင့်ပွဲစဉ်တွေကို စက်တင်ဘာ ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

ငွေကြယ်

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၈-၈-၂၀၂၃ ရက်မှအဆက်

သည်တော့မှ ကိုအေးဆွေမှာ အရည်လည်လာသည်။

ဤသို့ လေ့လာနိုင်ရန် အခြေအနေဖန်တီးလာခြင်းမှာ ခင်သန်းဌေးသည် သူနှင့် တစ်ခန်းတည်းနေကျောင်းသူ၏အိမ်ရှိရာ သဃ်န်းကျွန်းသို့ တစ်နေ့အလည်လိုက်သွားရာမှ သူငယ်ချင်း၏ဦးလေးနှင့် မိတ်ဆွေဖြစ်သွားသည်။ ထိုဦးလေးမှာ ဆိုရှယ်လစ်ဝါဒရေးရာတွင် နှံ့စပ်ကြွယ်ဝ၍ ယုံကြည်သက်ဝင်သောသူဖြစ်သည်။ ၎င်း၏ညွှန်ကြားချက်ဖြင့် စာအုပ်စာတမ်းများကို ဖတ်ရှုသည်။ ကျောင်းအားသောနေ့တိုင်း ၎င်းထံသွားကာ အရင်းရှင်ဘောဂဗေဒအကြောင်း၊ မတ်ဘောဂဗေဒအကြောင်း၊ ဆိုရှယ်လစ်နိုင်ငံများတွင် တွေ့ကြုံဖြစ်ပျက်ခဲ့ရသော သမိုင်းဖြစ်စဉ်အကြောင်းတို့ကို ကျေညက်စွာ လေ့လာဆည်းပူးလေသည်။

"ခုတော့ ဌေးလည်း ဆိုရှယ်လစ်ဝါဒကို လက်ခံယုံကြည်နေပြီဆိုပါတော့"

ခင်သန်းဌေးသည် သူပြောချင်သည့်အကြောင်းအရာများကို တစ်လျှောက်တည်း အားရပါးရ ပြောချလိုက်သည်။

သည်တော့မှလည်း ကိုအေးဆွေမှာ ခင်သန်းဌေးတစ်ယောက် အတိတ်၏ပဋိပက္ခများကို မေ့ပျောက်ပြည်ဖုံးကားချကာ မိမိတို့ထံသို့ ရောက်လာခြင်း၏အဖြစ်ကို သဘောပေါက်နားလည်လာတော့သည်။

"ဒါနဲ့တောင် ဌေးဌေးရာ၊ စောစောက ကျွန်တော့်ကို တမင် ကသိကအောက်ဖြစ်အောင်များ လုပ်ပစ်လိုက်သေးတယ်ဗျာ"

ခင်သန်းဌေးက ပြုံး၍နေလိုက်၏။ သူ့အပြုံးဝယ် သူ ပြောပြလိုက်ရသည့်စကားများကို ကျေနပ်နေဟန်ရှိလေသည်။

သည်ကဲ့သို့ ခင်သန်းဌေး၏ တွေးခေါ်ယူဆချက်များ ပြောင်းလဲလာသည်ကို သိလာရသော ကိုအေးဆွေမှာလည်း ကြည်နူး၍ မဆုံးတော့ပါပေ။ ထိုနောက် ကိုအေးဆွေကပါ ကမ္ဘာ့နိုင်ငံများမှ အချို့နိုင်ငံတို့၏ ကျင့်သုံးနေသော လူနေမှုစနစ်များနှင့် စီးပွားရေးစနစ်များ အကြောင်းကိုလည်းကောင်း၊ ယနေ့မြန်မာနိုင်ငံ၏ အရင်းရှင်စီးပွားရေးလမ်းကြောင်းပေါ်မှ ဆိုရှယ်လစ်စီးပွားရေး လမ်းကြောင်းပေါ်သို့မရောက်မီ အသွင်ကူးပြောင်းရေးကာလ၌ တွေ့ကြုံနေရတတ်သော အခြေအနေများကို လည်းကောင်း ထပ်မံ၍ ဆွေးနွေးကြပြန်လေသည်။

"ကဲပါ ကိုအေးဆွေ၊ ကိုအေးဆွေတို့ရဲ့ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးအကြောင်းတွေ တော်ပါတော့။ ရောက်တဲ့ပေါက်တဲ့အခါ ကိုအေးဆွေတို့ရဲ့ လုပ်ငန်းတွေကို လျှောက်ကြည့်ရအောင်"

သို့ဖြင့် ကိုအေးဆွေသည် ခင်သန်းဌေးအား လိုက်ပြရန် နေရာမှထလိုက်သည်။ သို့သော် အထွေထွေဌာနမှ ဆယ်ရင်သည် ကုန်ရောင်းပြေစာစာအုပ်




ကိုကိုင်ကာ အနားသို့ရောက်လာသည်။

"ဖိုးအေးဆွေ၊ ဟောဒီ ကုန်ရောင်းပြေစာတွေကို လက်မှတ်ထိုးပါဦး။ ငွေတောင်းသွားမလို့"

ဘယ်ဆိုင်က ယူသွားတဲ့ ကုန်ရောင်းပြေစာကြွေးစာရင်းတွေလဲ"

"ပြည်သူ့ဆိုင် နံပါတ် ( ) ကရယ်၊ ဆစတက အဝယ်ဒိုင်ကရယ်၊ နောက်ပြီး ပပက အဝယ်ဒိုင်ကရယ်"

ကိုအေးဆွေသည် ဆယ်ရင် လာပေးသော ကုန်ရောင်းပြေစာစာအုပ်မှ ငွေတောင်းပြေစာများကို သေချာစွာ လှန်လှောစစ်ဆေးပြီးနောက် လက်မှတ်ထိုးနေသည်။

"ဩော်၊ ဒါနဲ့ ပပက အဝယ်ဒိုင်က နောက်ထပ် အော်ဒါမှာလိုက်တဲ့ ထန်းလျက်ငါးထောင်ကော ပို့ပြီးပလား ကိုဆယ်ရင်"

"မနက်က ပို့လိုက်ပြီ"

"ကိုထွန်းရီ၊ အဲဒါကို စာရင်းသွင်းလိုက်လား"

ကိုအေးဆွေက စာရင်းအင်းဌာနတွင် အလုပ်လုပ်နေသော ကိုထွန်းရီဆိုသူအား လှမ်းမေးလိုက်သည်။

"သွင်းပြီးပါပြီ ကိုအေးဆွေ"

ကိုအေးဆွေတို့ လုပ်ကိုင်နေသည်ကို ခင်သန်းဌေးက အသာငေးမောကြည့်နေမိသည်။ ရုံးခန်းပြင်ဆင်ထားပုံက စနစ်ကျသလို ရုံးလုပ်ငန်းလုပ်ထိုင်နေပုံကလည်း စေ့စပ်သေချာဟန်ရှိသည်ဟု အကဲခတ်မိသည်။

ကိုအေးဆွေက ဆက်လက်၍ ကျန်ရှိနေသေးသော အလုပ်များကို ဆက်လက်စီစဉ်ပေးနေစဉ် ခင်သန်းဌေးသည် မိမိဝင်လာစဉ်က ဧည့်ခန်းစားပွဲရှေ့ ထရံတစ်ဖက်ဘေးတွင် ကျောကပ်လျက်ထားရှိသော အထပ်များနှင့် စင်မြင့်ကို ယခုမှထသွား၍ သေချာစွာ ကြည့်မိသည်။

အခန်းထဲသို့ ဝင်လာစဉ်ကမူ ဖန်ဘူးများ အစီအရီတင်ထားသည်ကိုသာ သတိပြုမိခဲ့၏။ ယခု သေချာစွာကြည့်မှ တစ်ပေါင်ဝင် ဖန်ဘူးများထဲတွင် ထန်းလျက်

**"ခင်သန်းဌေးတို့ ပထမဆုံးရောက်သွားသောအခန်းမှာ ခန်းမကျယ်ကြီးဖြစ်ကာ စာကြည့်တိုက် ဖွင့်ထားသည်။ စာအုပ်စင်များပေါ်တွင် ဘာသာရေး နိုင်ငံရေး ကျမ်းစာအုပ်များ၊ သိပ္ပံပညာဆိုင်ရာ စာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ် စာစောင်များ၊ သတင်းစာဖိုင်တွဲကြီးများသည် သူ့နေရာနှင့်သူ ကဏ္ဍအလိုက် စနစ်တကျ အပြည့်အသိပ် တင်ထားလျက်ရှိ၏။ အခန်းထဲတွင် လူတစ်ကျိပ်ခန့် စာထိုင်ကြည့်လျက်ရှိ၏။ စားပွဲများပေါ်တွင် ရန်ကုန်-မန္တလေးထုတ် နေ့စဉ်သတင်းစာကြီး သုံးလေးစောင်ခန့် အသင့်ချထားသည်ကို တွေ့နေရသည်။ ကိုအေးဆွေတို့ စုပေါင်းထန်းလုပ်ငန်းရှိလူများသည် အသိပညာတိုးပွားရေးအတွက် စာပေကိုလည်း ပစ်မထားဘဲ လေ့လာလိုက်စားကြကြောင်း သိရသဖြင့် . . ."**

အမျိုးမျိုးအစားစား ထည့်ထားသည်ကို တွေ့ရ၏။ ထန်းလျက်များ၏ အမျိုးအစားကို ဖန်ဘူးတွင် ကပ်ထားသော စာရွက်ပေါ်မှ စာလုံးများက ဖော်ပြ၏။ ထန်းလျက်ကောင်း၊ ထန်းလျက်လတ်၊ ထန်းလျက်ကြမ်း၊ ရေမထိထန်းလျက်၊ လျှာပေါ်ဝဲထန်းလျက်၊ မန်ကျည်းတောင့်ထန်းလျက်၊ ထန်းလျက်ဖြူဆုပ်၊ မြေပဲထန်းလျက်၊ ပေါက်ပေါက်ထန်းလျက်၊ အုန်းထန်းလျက်၊ ပြောင်းဖူးထန်းလျက်၊ စောင်ချမ်းထန်းလျက်၊ နှမ်းဖတ်ထန်းလျက်၊ ပဲဖတ်ထန်းလျက်၊ သကာရည်၊ တင်လဲရည် စသည်တို့ဖြစ်၏။ စင်အောက်ထပ်ရှိ အဆင့်များတွင်မူ ထန်းခေါက်ဖာ၊ ထန်းခေါက်တောင်း၊ ထန်းလျှော်ကြိုး၊ ထန်းဖူးပုံး၊ ထန်းဖူးယပ်တောင် စသော အခြားထန်းပင်ထွက်ပစ္စည်းများ တင်ထားသည်ကို တွေ့ရလေသည်။

ထိုစဉ် ထွေးရီရောက်လာသဖြင့် ထိုပစ္စည်းများအကြောင်းကို ခင်သန်းဌေးက မေးကြည့်သည်။

"သည်ပစ္စည်းတွေလား၊ ကျွန်မတို့ စုပေါင်းထန်းလုပ်ငန်းက ထွက်တာတွေကို ပြထားတာလေ မမဌေးရဲ့"

"ဩော်၊ ဟုတ်လား"

ခင်သန်းဌေးမှာ အံ့ဩသွား၏။ ထန်းလျက်ပါမက အခြား ထန်းပင်ထွက်ပစ္စည်းများပါ ထုတ်လုပ်နေပါကလား။

"သဘောကတော့ မမဌေးရယ်၊ နမူနာပစ္စည်းတွေပေါ့၊ တချို့ ပြည်သူ့ဆိုင်တာဝန်ခံတို့၊ တချို့ အဝယ်ဒိုင်မှူးတို့၊ တချို့ကုန်သည်တို့၊ တချို့စားသုံးသူတို့ကျတော့လည်း သည်ထိအောင် ရောက်လာပြီးသည် နမူနာတွေကြည့်ပြီးတော့ သူတို့လိုချင်တဲ့ ပစ္စည်းအမျိုးအစားတွေကို စိတ်ကြိုက်ရွေးမှာသွားကြတယ် မမဌေးရဲ့။ ဆိုကြပါစို့၊ ထန်းခေါက်ဖာတို့၊ ထန်းလျှော်ဖျာတို့ တစ်ဆင့်ပြန်ရောင်းချင်တဲ့ တချို့ကုန်သည် ဈေးသည်တို့၊ အသုံးပြုမယ့်လူတို့ကျတော့လည်း သူတို့လိုချင်တဲ့ ပုံစံအမျိုးအစား အရွယ်အစားတွေကို နမူနာကြည့်ပြီး အထူးလုပ်ပေးဖို့ မှာသွားကြတယ်။ နောက်ပြီး တချို့ သည်စုပေါင်းထန်းလုပ်ငန်းကို လေ့လာတဲ့သဘောသက်သက်နဲ့ အထူးလာတဲ့ ဧည့်သည်တွေ၊ လေ့လာရေးအဖွဲ့တွေကျတော့လည်း လွယ်လင့်တကူ နမူနာတွေကြည့်ရတာပေါ့"

ယင်းသို့ ထွေးရီက ခင်သန်းဌေးအား ရှင်းပြနေစဉ် ကိုအေးဆွေသည် အနားသို့ရောက်လာ၏။

"ကဲ၊ ဟိုဘက်လျှောက်ကြည့်ရအောင်"

[ ၂၈ ]

ခင်သန်းဌေးတို့ ပထမဆုံးရောက်သွားသောအခန်းမှာ ခန်းမကျယ်ကြီးဖြစ်ကာ စာကြည့်တိုက်ဖွင့်ထားသည်။ စာအုပ်စင်များပေါ်တွင် ဘာသာရေး နိုင်ငံရေး ကျမ်းစာအုပ်များ၊ သိပ္ပံပညာဆိုင်ရာ စာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ် စာစောင်များ၊ သတင်းစာ ဖိုင်တွဲကြီးများသည် သူ့နေရာနှင့်သူ ကဏ္ဍအလိုက် စနစ်တကျ အပြည့်အသိပ် တင်ထားလျက်ရှိ၏။ အခန်းထဲတွင် လူတစ်ကျိပ်ခန့် စာထိုင်ကြည့်လျက် ရှိ၏။ စားပွဲများပေါ်တွင် ရန်ကုန်-မန္တလေးထုတ် နေ့စဉ်သတင်းစာကြီး သုံးလေးစောင်ခန့် အသင့်ချထားသည်တို့ကို တွေ့နေရသည်။

ကိုအေးဆွေက ဤခန်းမကြီးမှာ စာကြည့်တိုက်ခန်းမကြီးအပြင် အစည်းအဝေးလုပ်သော ခန်းမကြီးလည်းဖြစ်ကြောင်း စသဖြင့် စာပေဘက်ကလည်း ကြွယ်ဝမှု ဗဟုသုတရှိအောင် မည်သို့ကြိုးပမ်းလာခဲ့သည် ဆိုသည့်အကြောင်းများကို ရှင်းပြလေသည်။

ယင်းသို့ ကိုအေးဆွေတို့ စုပေါင်းထန်းလုပ်ငန်းရှိလူများသည် အသိပညာတိုးပွားရေးအတွက် စာပေကိုလည်း ပစ်မထားဘဲ လေ့လာလိုက်စားကြကြောင်း သိရသဖြင့် ခင်သန်းဌေးမှာ မချီးကျူးဘဲ မနေနိုင်တော့ချေ။

ဤကဲ့သို့ ကိုအေးဆွေ၊ ခင်သန်းဌေး၊ ထွေးရီတို့သည် စုပေါင်းထန်းလုပ်ငန်းဝင်းကြီးအတွင်းရှိ အဆောက်အအုံများကို တစ်ခုဝင် တစ်ခုထွက် လိုက်လံကြည့်ရှုကြလေသည်။ ခင်သန်းဌေးသည် တွေ့ရသည့်မြင်ကွင်းတိုင်းကို တအံ့တသြ ဖြစ်နေရသည်ချည်းပင်။

ခင်သန်းဌေးတစ်ယောက် အံ့သြမည်ဆိုလျှင်လည်း အံ့သြလောက်ပေသည်။ ယခင်က ထန်းလျက်ကို ထင်းမီးဖြင့် ကျိုချက်ခဲ့သော်လည်း ယခုတော့မူ ရေနံမီး ရေနံငွေ့ဖြင့် လူမပင်ပန်းရဘဲနှင့် စနစ်တကျ ကျိုချက်နေသည်ကို တွေ့ရသည်။

"နောက်လာမယ့် လေးငါးခြောက်နှစ်ဆိုရင် ထန်းလျက်ကို အခုလို မီးပူခံချက်နေစရာ မလိုတော့ဘူး။ လျှပ်စစ်ဓာတ်အားနဲ့ချက်နိုင်တဲ့ လုပ်သားပိုင် ထန်းလျက်ချက်စက်ရုံကြီးတွေတည်ပြီး ချက်ဖို့ ရည်ရွယ်ထားတယ်။ စက်နဲ့ချက်တာမို့လည်း ကုန်ထုတ်စွမ်းအား ဒီထက်ပိုများလာလိမ့်မယ်။ သန့်ရှင်းမှုလည်း ရှိလာမယ်။ အဆင့်အတန်းမြင့်တဲ့ ထန်းလျက်လည်း ထွက်လာနိုင်မယ်။ ဒါတွင်မက ထန်းသကြားထုတ်လုပ်သွားနိုင်တဲ့အထိ တီထွင်ချက်လုပ်သွားဖို့ ရည်ရွယ်ထားတယ်"

ထိုနောက် အခြားအဆောက်အအုံတစ်ခုသို့ ပြောင်းရွှေ့ကြည့်ပြန်သည်။ ထိုအဆောက်အအုံရှိ ခန်းမကြီးထဲတွင် လူအချို့သည် အခြားမြို့ရွာများသို့ တင်ပို့ရန်အတွက် အချိန် အစိတ် သုံးဆယ်ဝင် ထန်းခေါက်ဖာများ၊ ထန်းခေါက်တောင်းများ၊ ဝါးနီးဖြင့် ရက်လုပ်ထားသော ပိုများထဲတွင် အတွင်းမှ ပလတ်စတစ်အိတ်ကြီးများဖြင့်ခံကာ ထန်းလျက်များကို ချိန်ပြီးထည့်နေကြသည်။ ထည့်ပြီး ပိုများ၊ တောင်းများကို ဂုန်နီအိတ်စများဖြင့်ဖုံးကာ အချို့လူများက ချုပ်လုပ်နေကြသည်။ ရှေးယခင်များကမူ ပို၊ တောင်းတို့၏ အတွင်းမှလည်းကောင်း၊ အဖုံးအပိတ်ကိုလည်းကောင်း အင်ဖက်များဖြင့်သာ လေလုံအောင် အထပ်ထပ်ခင်း၍ ဖုံး၍ ချုပ်လုပ်လေ့ရှိကြသည်။

ယင်းသို့ အားလုံးချုပ်လုပ်ပြီးသော ထန်းလျက်ပိုများ၊ ထန်းလျှော်တောင်းများ၏ဘေးတွင် ထွင်းစာများ ဖောက်လုပ်ထားသော သွပ်ပြားတစ်ချပ်ကို ကပ်လိုက်ကာ ဆေးစိမ်းသုတ်လိုက်သည်။ သွပ်ပြားချပ်လေးကို ခွာလိုက်သောအခါ "အချိန် ၂၅ ပိဿာ၊ စုပေါင်းထန်းလုပ်ငန်း၊ ထန်းလျက်ထုတ်လုပ်ရေးဌာန၊ လက်ပံပင်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့" ဟူသော စာလုံးလေးများက သူ့နေရာနှင့်သူ လှပစွာ ပေါ်လာသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၁-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၅၆၂။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်မြညို သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၅၅၆၃။ | ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းကောင်းမှု | ၂၆၀၀၀၀၀ |
| ၅၅၆၄။ | ဒေါ်စန်းစန်းအေးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၅၆၅။ | ဆရာတော် ဦးရေဝတနှင့် နှစ်ဖက်သောအဘိုးအဘွား၊ အမိအဖများအားရည်စူး၍ ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်ညွန့်ရီ၊ (သမီး) မခင်စုလှိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၅၆၆။ | ဒေါ်သန်းသန်းစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၅၆၇။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်စိန်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၅၆၈။ | အ. ထ. က(၁)ဒဂုံ၊ ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား/သူများ၊ ကျောင်းရုံးဝန်ထမ်းများကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၅၆၉။ | ဦးအောင်ကြူမိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၅၅၇၀။ | ဦးသန်းထွဋ်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်စန်းတင်၊ ဒေါ်စိမ်းစိမ်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၁။ | ဦးဇော်နိုင်ထွန်းနှင့်ဇနီး ဒေါ်သင်းသင်းနွဲ့ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၂။ | ဒေါက်တာဦးကံဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၃။ | ဒေါက်တာမျိုးသန့်တင်နှင့်ဇနီး ဒေါက်တာ ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၄။ | ဦးစစ်ထောင်ဇော်နှင့်ဇနီး ဒေါ်သင်းသင်းမြ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၅။ | ရင်တွင်းသဒ္ဒါပီတိဖြာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၆။ | လမင်းသူစတိုးမိသားစုများကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၇။ | ဗိုလ်မှူးမျိုးအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သီဂီထွန်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၈။ | ဆရာတော်ဦးပဏ္ဍိတကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၇၉။ | ဦးမင်းခန့်ထူးနှင့်ဇနီး ဒေါ်နှင်းဦးယဉ် (မင်းသစ္စာကုမ္ပဏီလီမိတက်) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၅၈၀။ | ဒေါ်တင်မာလာထွေးမိသားစုကောင်းမှု | ၄၅၀၀၀၀ |
| ၅၅၈၁။ | ဂရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများကောင်းမှု | ၃၀၀၀၀၀ |
| ၅၅၈၂။ | ဗုဒ္ဓဂါယာဓမ္မရတနာ ရိပ်သာကျောင်းမှ သံဃာတော်များကောင်းမှု | ၁၅၀၀၀၀ |
| ၅၅၈၃။ | ဦးတင်အောင်ဆွေနှင့်ဇနီး ဒေါ်ဖြူလေး မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၅၈၄။ | ဦးကုလားနှင့်ဇနီး ဒေါ်ခင်သိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၅၈၅။ | ဦးစိုးသန်းမိသားစုကောင်းမှု | ၁၄၅၅၀၀ |
| ၅၅၈၆။ | ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများကောင်းမှု | ၁၄၃၀၀၀ |
| ၅၅၈၇။ | ဦးကျော်အေးနှင့်ဇနီး ဒေါ်ရီရီမြင့် မိသားစုကောင်းမှု | ၁၄၀၀၀၀ |
| ၅၅၈၈။ | ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများ နှင့်ဝန်ထမ်းများကောင်းမှု | ၁၃၀၀၀၀ |
| ၅၅၈၉။ | ဒေါက်တာဟိန်းမျိုးထက်နှင့်ဇနီး ဒေါ်ရတနာလင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၀။ | ဦးလင်းအောင်နှင့်ဇနီး ဒေါ်အေးခွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၁။ | ဒေါ်လှလှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၂။ | ဦးခင်မောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၃။ | ဦးအောင်လင်းမောင်နှင့်ဇနီး ဒေါ်မြစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၄။ | ဦးအေးချိုနှင့်ဇနီး ဒေါ်တင်တင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၅။ | ဦးသက်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၆။ | ဦးအောင်သူစိုးနှင့်ဇနီး ဒေါ်ခင်သန္တာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၇။ | ဦးဖိုးမြိုင်နှင့်ဇနီး ဒေါ်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၈။ | ဦးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်စမ်းစမ်းအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၉၉။ | ဒေါ်ငွေငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၀။ | ဦးဇော်မျိုးထွန်းနှင့်ဇနီး ဒေါ်ညိုညိုဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၁။ | ဒေါက်တာယွန်းသက်နှင်းအိမ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၂။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်တင်တင်ရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၃။ | ဦးထက်အောင်နှင့်ဇနီး ဒေါ်နီနီလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၄။ | ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၅။ | ဒေါ်ငွေဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၆။ | ဒေါ်သန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၇။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်မူမူခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၈။ | ဦးဇော်ဟိန်းနှင့်ဇနီး ဒေါ်ယမင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၀၉။ | ဦးကျော်စန်းနှင့်ဇနီး ဒေါ်မြင့်မြင့်စန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၀။ | ဦးညွန့်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၁။ | ဒေါ်တင်တင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၂။ | ဒေါ်ခင်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၃။ | ဦးအောင်မင်းနှင့်ဇနီး ဒေါ်ခင်သူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၄။ | ဦးအောင်မြင့်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၅။ | ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်နုနုလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၆။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ကြူကြူဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၇။ | ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်သူဇာမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၈။ | ဦးတင်ထွန်းဝင်းနှင့်ဇနီး ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၁၉။ | မောင်ပိုင်သူထက်(၁၈)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၀။ | ဦးစိုးလှိုင်နှင့်ဇနီး ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၁။ | ဦးမိုးကျော်ဦးနှင့်ဇနီး ဒေါ်မေကျော်လင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၂။ | ဦးနေဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၃။ | ဦးအောင်မော်နှင့်ဇနီး ဒေါ်မေခိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၄။ | ဦးဝဏ္ဏဇော်နှင့်ဇနီး ဒေါ်သူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၅။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်စန်းစန်းလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၆။ | ဒေါ်ယဉ်ယဉ်နွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၇။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်နီနီညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၈။ | ဦးငွေအောင်နှင့်ဇနီး ဒေါ်နှင်းယုရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၂၉။ | ဦးမြင့်သန်းနှင့်ဇနီး ဒေါ်မေဇော်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၃၀။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်ကေသီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၆၃၁။ | ဦးစိန်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**


**မိခင်အမည်မှန်**

ကျိုက်မရော မြို့နယ်၊ အ.ထ.က-ကျိုက်မရော၊ Grade-12 တန်းမှ မဆုမြတ်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လဲ့လဲ့ဝင်း [၁၀/ကမရ(နိုင်)၀၅၇၄၄၆]ဖြစ်ပါကြောင်း။

**ဒေါ်ခင်လဲ့လဲ့ဝင်း**

**မွေးသက္ကရာဇ်အမှန်နှင့် မိခင်အမည်မှန်**

ကျိုက်မရောမြို့နယ်၊ အ.ထ.က-ကျိုက်မရော၊ Grade-12 တန်းမှ မောင်စိုးလွင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၈-၂၀၀၅ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်လွင်အောင် [၁၀/ကမရ(နိုင်) ၁၀၃၅၂၀] ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်မ သင်းသင်းဆွေ [၁၂/ဗတထ(နိုင်)၀၀၀၁၈၆]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph-09-43070618**

**ဖခင်အမည်မှန်**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၈)ရပ်ကွက်၊ အောင်သိဒ္ဓိ(၃)လမ်း၊ အိမ်အမှတ်(၇၆)၊ အ.ထ.က(၅) ဒဂုံတောင် Grade-11 မှ မဇွန်ဇွန်၏ဖခင်အမည်မှန်မှာ ဦးဇော်လင်းအောင် [၁၂/တမန(နိုင်) ၀၂၀၆၄၈]ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

မောင်သက်နိုင်စိုး [၁၂/သကတ(နိုင်)၂၁၀၆၅၁]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph-09-974240895**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) EDU Spectrum ကိုယ်ပိုင်အထက်တန်းကျောင်း G-8(A)တွင် တက်ရောက်နေသော မောင်ဉာဏ်ထက်လင်း (ဘ) ဦးအောင်သူစိုး အား "မောင်စွမ်းရည်ဟိန်းဆင့်"ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ချစ်ကိုကို CDC-102184 ၏စီဒီစီစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-269599778**

## ရန်ကုန်မြို့ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၂၅)ရှိ (၁)ခန်းတည်း (၇)ထပ်တိုက်၏ မြေညီထပ်တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်နှင့် ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၈–၅–၂၀၁၀)ရက်စွဲပါ ကတိစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်နုနုယဉ်(၁၂/အလန (နိုင်) ၀၁၄၇၈၀)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၂၃–၈–၂၀၂၃) ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

---

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၇/င)၊ ဧရိယာ(၆.၉၉)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်မြေအကျယ်အဝန်း အလျားxအနံ(၇၀ပေx၁၄၀ပေ)ရှိ မြေပိုင်မြေကွက်၊ မြေကွက်လိပ်စာအမှတ်(၅၁–အေ)၊ ဝိဇ္ဇာလမ်းသွယ်၊ ရတနာပုံကျောင်းလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍–**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နန်းစံဖောင်း[၁၃/မယန(နိုင်) ၀၀၀၈၈၈]၊ နန်းဖောင်းကျောက်[၁၃/မယန(နိုင်) ၀၀၀၀၀၉]၊ နန်းလျှန်းပန် [၁၃/မယန(နိုင်) ၀၀၀၀၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းညွန့် (LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်–၃၅၅၄၅)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉– ၇၈၅၅၀၆၁၅၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၈ျ/၃၄(၁၀)ရပ်ကွက်၊ ရေကြည်လမ်း၊ မြေကွက်အမှတ်(၇၈၇/ခ)၊ အကျယ်(၂၀'x ၆၀')ရှိ မြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ဝင်းအမည်ပေါက်ဖြင့် ထွက်ရှိထားသော ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဒေါ်ဝင်း[၁၂/ကမရ(နိုင်)၀၃၃၉၃၇] (T/RGN–၀၂၁၉၄၂) ထံမှ ဒေါ်ဝင်းဝင်းမော် [၁၂/ရကန(နိုင်)၀၃၄၉၃၄]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းထွန်း [၁၄/လမန(နိုင်)၀၈၃၇၂၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေရည်ဖူး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၉၀၅၀)**
**ဖုန်း–၀၉–၄၃၁၁၀၃၃၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ Space Condo၊ တိုက်အမှတ်–(၂၃)၊Basement+Rc(၁၂)ထပ်ခွဲ ကွန်ဒိုတိုက်ခန်းမှ(၅–လွှာ)၊ အခန်းအမှတ် (A#0503)၊ ဧရိယာ(1771)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **Crown Roofing Co.ltd** (ကိုယ်စား) (ဒါရိုက်တာ) ဒေါ်ခင်သန္တာစိုး [၁၃/တခလ(နိုင်)၀၀၀၂၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရသိန်း [၁၂/လမတ(နိုင်)၀၀၂၉၄၃]၊ ဒေါ်မြတ်မွန်မွန်ချစ်[၁၂/သလန (နိုင်)၀၇၄၉၆၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသူရသိန်း နှင့် ဒေါ်မြတ်မွန်မွန်ချစ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B,WIPO(Switzerland).**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651၊ 09–793568375**

---

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၃၁၃)နေ၊ ဒေါ်ဌေးဌေး [၁၂/လမတ(နိုင်)၀၀၀၅၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်–၈၂၂(ခ)၊ (၂၀'x၆၀')အကျယ်ရှိ ဦးကြည်စန်း [၁၂/မရက(နိုင်)၀၁၅၃၅၆] အမည်ပေါက် ပါမစ်မြေအား ပိုင်ရှင် ဦးလှငွေ (TGKN–၀၀၂၉၉၆)ထံမှ ဆက်စပ်စာချုပ်များအရ (၉–၇–၂၀၁၃)ရက်စွဲပါ မြေကွက်နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ခြံခတ်ကာ လက်ရောက်ဝယ်ယူခဲ့ပြီး ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေမှ လက်ရှိထားပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ မည်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ လက်ရောက်လွှဲပြောင်းရောင်းချခဲ့ခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေပိုင် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေအား အသိပေးခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေဇင်မင်း (LL.B)** — **ဒေါ်ပပဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၃၀)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၆၇၃၇)**
**တိုက်(၁၁)၊ အခန်း–၂၀၃၊ ၁၄လမ်း( A )၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉–၄၃၁၂၆၀၆၇**

---

## ပြင်ဆင်ဖတ်ရှုပါရန်

